# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၈)၊ အမှတ်(၅၆)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tran Van Tung အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# တောတောင်လျှိုမြောင်များဖြတ်သန်းပြီး ခက်ခက်ခဲခဲဖောက်လုပ်ခဲ့ရသည့် ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်း



ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ လမ်းပိုင်းရှိ ပွန်ချောင်းတံတားပေါ်၌ ရထား ခုတ်မောင်းနေသည်ကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

သတင်းမှတ်စု - နုနုရီနှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

**ရန်ကုန် နိုဝင်ဘာ ၂၄**

တပ်မတော်အစိုးရလက်ထက်တွင် ပြည်နယ်၊ တိုင်းများ၏ ရေကြော၊ မြေကြောများကို တစ်ဆက်တစ်စပ်တည်းဖြစ်လာစေရန်၊ တိုင်းရင်းသားအချင်းချင်း အထိအတွေ့ အဆက်အဆံ ပိုမိုများပြားလာစေရန်တို့အတွက် လမ်း၊ တံတားအခြေခံများကို တိုးချဲ့တည်ဆောက်ခဲ့သည်။ ပြည်ထောင်စုကြီး၏ အရှေ့ဖျားမှ အနောက်ဖျား၊ မြောက်ဖျားမှတောင်ဖျား၊ ဒေါင်လိုက်ဖြစ်စေ၊ အလျားလိုက်ဖြစ်စေ သွားလာ၍ရအောင် အပင်ပန်းခံ စီမံဆောင်ရွက် ဖြည့်ဆည်းပေးခဲ့သည်။

**တောင့်တင်းခိုင်မာ**

ထိုသို့စီမံဆောင်ရွက်ခဲ့မှုကြောင့် ရှမ်းပြည်နယ်အတွင်း၌ ကားလမ်း၊ ရထားလမ်း၊ *စာမျက်နှာ ၉ ကော်လံ ၆* ✳

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၅ ရက်)

# ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများနှင့် ရေထိန်းတံခါးများ တိုးချဲ့တည်ဆောက် သီးနှံအထွက်တိုးရေး ဒေသခံပြည်သူများ ကြိုးပမ်းစွမ်းဆောင်

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေရရှိရေးအတွက် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆည်တမံစီမံကိန်းများ၊ ရေထိန်းတံခါးစီမံကိန်းများ၊ မြေအောက်ရေရရှိရေးစီမံကိန်းများကို တည်ဆောက်ပေးလျက် ရှိသည်။

အထူးသဖြင့် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မိုးနည်းရေရှားရပ်ဝန်းဒေသများတွင် ရေရရှိရေးစီမံကိန်းများကို အလေးပေးဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ဆည်တမံလုပ်ငန်း ၂၁၆ ခု၊ မြစ်ရေတင်စီမံကိန်း ၃၂၂ ခုရှိပြီဖြစ်ရာ စိုက်ပျိုးသီးနှံများကို တစ်သီးစားစိုက်ပျိုးရာမှ နှစ်သီးစား၊ သုံးသီးစား သီးထပ်စိုက်ပျိုးနိုင်ခဲ့သဖြင့် တောင်သူလယ်သမားများ ဝင်ငွေတိုးပွားစေခဲ့သည်။

မြန်မာနိုင်ငံအလယ်ပိုင်း၌ တည်ဆောက်နေသော စီမံကိန်းများအနက် စစ်ကိုင်းတိုင်း ဝန်းသိုမြို့နယ် လယ်ဦးကျေးရွာအနီး ဒေါင်းမြို့ချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်သွားမည့် ဒေါင်းမြို့ရေလှောင်တမံစီမံကိန်းသည် စိုက်ပျိုးမြေဧရိယာ ဧက ၆၃၀၀ခန့်ကို ဆည်ရေပေးနိုင်မည့် စီမံကိန်းဖြစ်သကဲ့သို့ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပြုမည် ဖြစ်သည်။

ဆက်လက်တည်ဆောက်သွားမည့် အခြားစီမံကိန်းများမှာ ကန်ဒေါင့်ရေလှောင်တမံစီမံကိန်း၊ မြောက်ယမားရေလှောင်တမံ၊ ကျောက်ချပ်ရေလှောင်တမံ၊ ရေဘုတ်ကြီးရေလှောင်တမံစီမံကိန်းတို့ ဖြစ်ကြသည်။

ဤကဲ့သို့ စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံများ တည်ဆောက်ပေးသကဲ့သို့ မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးအတွက် ရေထိန်းတံခါးများကိုလည်း ဖော်ဆောင်ပေးလျက် ရှိသည်။

မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်များတွင် မြေအောက်ရေရရှိရေးအတွက် စက်ရေတွင်းပေါင်း ၈၀၀ တူးဖော်၍ စိုက်ပျိုးရေပေးဝေခြင်းကိုလည်း ဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော်အစိုးရသည် ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ ရေထိန်းတံခါးများ တည်ဆောက်ပေး၍ စိုက်ပျိုးရေရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများသည် ဆည်တမံများ၊ ရေထိန်းတံခါးများ ရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း
## ဝန်ကြီး ပိုလ်မှူးချုပ်သူရအေးမြင့် အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၂၄

အားကစားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၈နာရီက နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက် အမှာစကား ပြောကြားသည်။

### မှာကြား

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြိုင်ပွဲများ ကျင်းပရခြင်း၊ မျိုးဆက်သစ်လူငယ်များရွေးချယ်ခြင်း၊ အားကစားကွင်း၊ ရုံးများ အဆင့်မီအောင် ပြုပြင်ခြင်း၊ သန့်ရှင်းလှပအောင် ဆောင်ရွက်ထားခြင်းတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်နှင့် တိုင်းများမှ အားကစားမှူးများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များကို ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား

၂၅-၁၁-၂၀၀၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၀၀ ၇။ မျိုးချစ်တပ်မတော်
၅:၁၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇာတ်လမ်း
၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၄။ လျှပ်တစ်ပြက်
၆:၃၅ ၁၅။ ကလေးတို့ကမ္ဘာ
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မင်းသမီးရဲ့ နေ့စဉ်မှတ်တမ်း** (အပိုင်း-၁၄)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ (အပိုင်း-၁၉)
၂၁။ မွေးမြူသုတ
၂၂။ ဗွီစီဒီကျော်ကြားတေးများ
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေကြောင်းမြို့တော်** (အပိုင်း-၁၇)

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးပွဲ
## သဘောတူညီချက် လက်မှတ်ရေးထိုး

ရန်ကုန် နိုဝင်ဘာ ၂၄

(၉)ကြိမ်မြောက် မြန်မာ-အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အတွင်းဝန်အဆင့် နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးပွဲ သဘောတူညီချက်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီက ရန်ကုန်မြို့ရှိ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ ရှိဗ်ရှန်ကာမီနွန်တို့ တက်ရောက်၍ လက်မှတ်ရေးထိုးကြသည်။

### ရောက်ရှိ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာရှိဗ်ရှန်ကာမီနွန် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ နိုဝင်ဘာ၂၂ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ကြသည်။

### ကျင်းပ

အိန္ဒိယနိုင်ငံခြားရေး အတွင်းဝန် မစ္စတာရှိဗ်ရှန်ကာမီနွန် ခေါင်းဆောင်သည့် အိန္ဒိယကိုယ်စားလှယ်အဖွဲ့နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့သည် (၉)ကြိမ်မြောက် မြန်မာ-အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အတွင်းဝန်အဆင့် ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၂ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ရှိ ချက်ထရီယမ် ဟိုတယ်၌ ကျင်းပခဲ့သည်။ အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကိုလည်းကောင်း၊ မကြာသေးမီက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၏ အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဆွေးနွေးရရှိချက်များအား ဆက်လက်အကောင်အထည်ဖော်ရေး ကိစ္စရပ်များကိုလည်းကောင်း ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာရှိဗ်ရှန်ကာမီနွန် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၂ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ ဗဟားဒုရှားဂူဗိမာန်နှင့် ရွှေတိဂုံဘုရားတို့သို့ သွားရောက်ခဲ့သည်။ ယင်းနေ့ ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးကျော်သူက အိန္ဒိယနိုင်ငံခြားရေး အတွင်းဝန်နှင့် အဖွဲ့အား ရန်ကုန်မြို့ ချက်ထရီယမ် ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာရှိဗ်ရှန်ကာမီနွန်တို့ (၉)ကြိမ်မြောက် မြန်မာ-အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အတွင်းဝန်အဆင့် နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးပွဲ သဘောတူညီချက်ကို လက်မှတ်ရေးထိုး လဲလှယ်ကြစဉ်။ (သတင်းစဉ်)

### ပြန်လည်ထွက်ခွာ

အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာရှိဗ်ရှန်ကာမီနွန် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

# စာဆိုတော်နေ့ အကြိုစာပေဟောပြောပွဲများ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

**စာဆိုတော်နေ့ အကြိုစာပေဟောပြောပွဲကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၁၆ရက် နံနက် ၉နာရီတွင်ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကြည်(ရွှေမြာ လှဝင်းဆွေ)က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌထံ ပေးပို့သော စာဆိုတော်နေ့သဝဏ်လွှာကို ဖတ်ကြားသည်။**

### ဟောပြော

ထို့နောက် စာရေးဆရာလယ်တွင်းသားစောချစ်က ဘဝထဲကစာ စာထဲကဘဝ၊ မြင်းမူမောင်နိုင်မိုးက ဘဝထဲက ကဗျာ ကဗျာထဲက ဘဝ၊ မောင်စိုးထိုက်(သုံးဆယ်)က စကားလက်ဆောင် စာလက်ဆောင်နှင့် ဇန်ဇန်က ဝေဖန်ရေးဆိုတာ တိုးတက်မှုရဲ့ ရှင်သန်ရေးပါ ခေါင်းစဉ်များဖြင့် ဟောပြောကြသည်။

ယင်းနောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က ငွေကျပ်ငါးသိန်းနှင့် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသိန်းကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းကလည်းကောင်း၊ စာဆိုတော်နေ့အကြို စာပေဟောပြောပွဲကျင်းပရေးကော်မတီက ငွေကျပ်ငါးသိန်းကို ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်ဝင်းက လည်းကောင်း၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ မြစ်ကြီးနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်အုပ်က ငွေကျပ်တစ်သောင်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

### သဝဏ်လွှာဖတ်ကြား

အလားတူ စာဆိုတော်နေ့အကြို စာပေဟောပြောပွဲကို မိုးညှင်းခရိုင် မိုးကောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ နိုဝင်ဘာ ၁၈ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းအောင်(ထက်သူအောင်)က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌထံမှပေးပို့သော စာဆိုတော်နေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် စာရေးဆရာလယ်တွင်းသားစောချစ်က ဘဝထဲကစာ စာထဲကဘဝ၊ မြင်းမူမောင်နိုင်မိုးက ဘဝထဲက ကဗျာ ကဗျာထဲက ဘဝ၊ မောင်စိုးထိုက်(သုံးဆယ်)က စကားလက်ဆောင် စာလက်ဆောင်နှင့် ဇန်ဇန်က ပူးပေါင်းဆောင်ရွက်ကြပါ ခေါင်းစဉ်များဖြင့် ဟောပြောကြသည်။

### ဂုဏ်ပြုလွှာပေးအပ်

ယင်းနောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ထန်တလန်၌ ဟောပြောပွဲ ကျင်းပ

ထန်တလန် နိုဝင်ဘာ ၂၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ချင်းပြည်နယ်ဦးစီးမှူး ဦးတင်အေးညွှန့်သည် ဖလမ်းခရိုင် ဦးစီးအရာရှိ ဦးမန်းစိန်၊ ထန်တလန်မြို့နယ် ဦးစီးမှူး ဦးနီကျင်းနှင့် ဝန်ထမ်းများလိုက်ပါလျက် နိုဝင်ဘာ ၁၃ရက် ညနေ၃နာရီက ထန်တလန်မြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့ကွင်းပြင်၌ လူငယ်နှင့် အနာဂတ်နိုင်ငံတော် ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၆၀၀ ကျော် တက်ရောက်ကြသည်။ (ခရိုင် ပြန်/ဆက်)

● ကျောဖုံးမှ

အဆိုပါ အစည်းအဝေးသို့ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များဖြစ်ကြသော နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

## ဦးတည်ချက်

ရှေးဦးစွာ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့အခမ်းအနားကို နိုင်ငံတစ်ဝန်းလုံး အနှစ်သာရရှိရှိဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အတွက် မိမိဦးဆောင်သည့် ကျင်းပရေးဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်ဖြစ်သည့်-

(က) **နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်းကာကွယ်စောင့်ရှောက်ရေး။**

(ခ) **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။**

(ဂ) **ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။**

(ဃ) **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး**

ဦးတည်ချက်များကို ချမှတ်ပေးထားကြောင်း။

တိုင်းရင်းသားအားလုံး၏စည်းလုံးညီညွတ်မှုနှင့် အသက်သွေးချွေးပေါင်းများစွာ ရင်းနှီးရယူခဲ့ရသည့် လွတ်လပ်ရေး၏တန်ဖိုးကို မမေ့မလျော့ဘဲ မျိုးဆက်သစ်လူငယ်များ သိရှိနားလည်စေရန်နှင့် ထာဝစဉ်ကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်များဖြစ်ထွန်းပေါ်ပေါက်နေစေရန်အတွက် ယခုကဲ့သို့ လွတ်လပ်ရေးနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပပေးခြင်းဖြစ်ကြောင်း။

## အနှစ်သာရရှိရှိ

ယခု(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုလည်း ချမှတ်ပေးထားသည့် အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရရှိရှိ ကျင်းပသွားရန်လိုကြောင်း။

ထို့ပြင် ယခု(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများကို ယခင်နှစ်များနည်းတူ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန်ဖြစ်ကြောင်း။

## အထူးကြပ်မတ်

တစ်ဖက်ကလည်း တည်ငြိမ်အေးချမ်းရေးနှင့် အေးချမ်းသာယာရေးကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးမည့် ကြံစည်ကြိုးပမ်းမှုများ ရှိနေသည့်အတွက် လုံခြုံရေးကိုလည်း အထူးကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးလုပ်ငန်းများကို စနစ်တကျဖြင့် ပြီးမြောက်အောင်မြင်စေရန် မိမိတို့ဆပ်ကော်မတီများအလိုက် ညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း။

နေပြည်တော်ခရိုင် နေပြည်တော်ရှိ နေပြည်တော်၊ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေး၊ နေပြည်တော်တပ်ကုန်းလေးမြို့နယ်တွင်လည်း လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်ရေး မှာကြားသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုရေးအခမ်းအနား ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ လုံခြုံရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ လွတ်လပ်ရေးနေ့ သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွန့်၊ ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

# (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၄) ရပ်

၁။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

၃။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီး ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသား အားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် ရေး။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးနှင့်စပ်လျဉ်း၍ အထွေထွေ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

## ပြန်လည်ဆွေးနွေး

ထို့နောက် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# အာစရိယပူဇော်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန် တိ-မွေး-ကု တက္ကသိုလ် (၁၉၇၂-၁၉၇၈) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဘွဲ့ရနှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီက ဗဟန်းမြို့နယ်ရှိ M3 Food Centre ၌ ကျင်းပသည်။ အခမ်းအနားတွင် ကျောင်းသားဟောင်းတစ်ဦးဖြစ်သော ဒေါက်တာထွန်းကြည်က ကန်တော့ချိုးကိုတိုင်ကြားကာ ကျောင်းသား ကျောင်းသူဟောင်းများက ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူဟောင်းများက ဆရာကြီး ဆရာမကြီးများအား ကန်တော့လက်ဆောင်စ္စည်းများ ပေးအပ်ကြသည်။

## ကျေးဇူးတင်စကား

ထို့နောက် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီးဦးဝင်းကြည်က ဆုံးမသြဝါဒစကားပြောကြားပြီး ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းက ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **(၁၃၅)**

# ဘိုကလေးမြို့နယ်တွင် အခြေခံပညာကျောင်းဆောင်သစ်များဖွင့်

နေပြည်တော် နိုဝင်ဘာ ၂၄

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် နိုဝင်ဘာ၂၃ရက်နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ် ရောကျေးရွာတစ်ဖက်ကမ်း တောက်တာကုန်း ကျေးရွာအနီး မုန်တိုင်းဒဏ်ခံ လူ၅၀၀ဆံ့ Cyclone Shelter တည်ဆောက်ရန် မြေနေရာရွေးချယ်ထားမှုနှင့် ကဒုံကနိကျေးရွာ၌ ဆောက်လုပ်မည့် မုန်တိုင်းဒဏ်ခံ လူ၅၀၀ဆံ့ Cyclone Shelter တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။** (အပေါ်ပုံ)

## ဆောက်လုပ်လှူဒါန်း

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့နယ် စာဖြူစုကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး ကျောင်းသား ကျောင်းသူ ကလေးများအတွက် ဗလာစာအုပ်၊ စာရေးကိရိယာများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။ အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၆၀၊ အနံပေ ၃၀ရှိပြီး ဝန်ကြီးက ငွေကျပ်သိန်း၁၇၀ အကုန်အကျခံ ဆောက်လုပ် လှူဒါန်းခြင်းဖြစ်သည်။

## ပေးအပ်လှူဒါန်း

ထို့နောက်ဝန်ကြီးသည် ကျုံလွှတ်ကြီး ကျေးရွာ ပညာပါရမီ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကို တက်ရောက်အမှာစကား ပြောကြားပြီး ကျောင်းသား ကျောင်းသူကလေးများအတွက် ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အလှူရှင်များက ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းကြသည်။ အဆိုပါကျောင်းဆောင်သစ်မှာ အလျားပေ ၆၀၊ အနံပေ ၃၀ ရှိပြီး ငွေကျပ်သိန်း ၈၀ အကုန်အကျခံ လှူဒါန်းခြင်းဖြစ်သည်။

## စာရေးကိရိယာများပေးအပ်

ထို့နောက် ဝန်ကြီးသည် လတာချောင်းကျေးရွာ အခြေခံပညာမူလတန်း ကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲကို တက်ရောက်အားပေးပြီး ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်၊ စာရေးကိရိယာနှင့် စားစရာများ ပေးအပ်လှူဒါန်းသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၅၀၊ အနံပေ ၃၀ရှိပြီး အလှူရှင် ဦးမြတ်မင်းမောင်က ငွေကျပ်သိန်း ၅၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်သည်။

## စံပြကွက်

ညနေပိုင်းတွင် ဝန်ကြီးသည် ဘိုကလေးမြို့ သကံဝကျေးရွာ မြို့ဝင်ဧက ၁၀၀၀ စံပြကွက်အတွင်း လယ်သမားကြီး ဦးထွန်းကြည်၏ လယ်ခြောက်ဧကအတွင်း မိုးစပါး စံကွက်ရိတ်သိမ်းပွဲနှင့် နွေစပါးထွန်ယက်ပွဲကို တက်ရောက်အားပေးသည်။ အဆိုပါ လယ် ခြောက်ဧကမှ သီးထပ်ရင်မျိုးများ ရိတ်သိမ်းရာ တစ်ဧကလျှင် ၇၅တင်းနှုန်း ထွက်ရှိကြောင်းနှင့် နွေစပါးစိုက်ပျိုးရန် ဆက်လက် ထွန်ယက်နေကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကြံခင်းမြို့နယ် ဘက်ရဲတံတား တိုးချဲ့ပြုပြင်

**ကြံခင်း နိုဝင်ဘာ ၂၄**

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် (ကျေးလက်)ငွေလုံးတံတား မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းဖြစ်သော ဘက်ရဲရွာအဝင် တံတားတစ်ဖက်လေးပေတိုးချဲ့၍ ကြမ်းခင်းများ ပြုလုပ်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၃ရက်က လက်ထောက် အင်ဂျင်နီယာ ဦးစောဟားနေနှင့်အဖွဲ့ ကွင်းဆင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

# ကျေးလက်လမ်း ကောင်းမွန်ရေး တီးတိန်၌ဆောင်ရွက်

**တီးတိန် နိုဝင်ဘာ ၂၄**

ချင်းပြည်နယ် တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော တီးတိန်မြို့နယ် ဆွောင်းပီးကျေးရွာသွားလမ်း တာချဲ့ခြင်းလုပ်ငန်း(ကျေးလက်)ကို နိုဝင်ဘာ ၂၂ရက်က အမှုဆောင်အရာရှိ ဦးနန်ဒိုးဆူမ်းမန် ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးလျန်ကျင့်ခိုင်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

အမေရိကန်တပ်ဖွဲ့ များအား ၂၀၁၁ ခုနှစ်အထိ အီရတ်တွင် ဆက်ရှိနေမည့် အီရတ်-အမေရိကန် လုံခြုံရေး သဘောတူညီချက်ကို မကျေနပ်သောအီရတ်ပြည်သူများက ဘဂ္ဂဒက်မြို့ အယ်လ် ဖီရ်ဒတ်စ် ရင်ပြင်တွင် ကန့်ကွက် ဆန္ဒပြနေသည်ကို နိုဝင်ဘာ ၂၁ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

# ကဘူးလ်တွင် မိုင်းမှန်၊ ဗုံးပေါက်ကွဲ၍ ကိုးဦးသေဆုံး

ကဘူးလ် နိုဝင်ဘာ ၂၄

**အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် အခြေစိုက်စခန်းမှ အခြားတပ်ဖွဲ့ဝင်များနှင့်အတူ စက်ပစ်ကွင်းသို့သွားသော ပြင်သစ်တပ်ဖွဲ့ဝင် တစ်ဦး မိုင်းထိမှန်၍ သေဆုံးခဲ့ကြောင်း နိုဝင်ဘာ ၂၂ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။**

တစ်ချိန်တည်းမှာပင် မင်္ဂလာဆောင်ပွဲတစ်ခု၌ လက်ပစ်ဗုံးဖြင့်ပစ်ခတ်မှုကြောင့် ရှစ်ဦးသေဆုံးခဲ့ကြောင်းလည်း ယင်းသတင်းက ဆက်လက်ဖော်ပြသည်။

**ပြောကြား**

ယင်းနေ့က ပေါက်ကွဲမှုသည် အနောက်နိုင်ငံ အစိုးရများကို ထောက်ခံသော လက်နက်ကိုင်များက ထောင်ထားသော ဗုံးဟုတ်မဟုတ်ဆိုသည်ကို ရှင်းလင်းစွာ မသိရသေးကြောင်း ပြင်သစ်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

**ထပ်မံစေလွှတ်**

အဆိုပါ ပေါက်ကွဲမှုတွင် တပ်ဖွဲ့ဝင်တစ်ဦးလည်းဒဏ်ရာရရှိခဲ့ကြောင်း၊ ပြင်သစ်တပ်ဖွဲ့ဝင် ၂၇၀၀ ကို နိုင်ငံစုံတပ်ဖွဲ့များနှင့်အတူ အာဖဂန်သို့ စေလွှတ်ထားကြောင်း၊ အမေရိကန် ဦးဆောင်သော စစ်ဆင်ရေးဒေသများတွင်လည်း ပြင်သစ်တပ်ဖွဲ့ဝင် ၆၀၀ ကို ထပ်မံစေလွှတ် ထားကြောင်း ယင်းစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

**(အင်တာနက်)**

# ၂၀၁၁ခုနှစ်အထိ အီရတ်၌ အမေရိကန်တို့ ဆက်ရှိနေမည့်စာချုပ် အီရတ်ပြည်သူ ထောင်ပေါင်းများစွာ ဆန့်ကျင်ဆန္ဒပြ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၄

**အီရတ်နိုင်ငံတွင် လာမည့် ၂၀၁၁ခုနှစ်အထိ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ဆက်လက်ဖြန့်ချထားရေးနှင့် ပတ်သက်သည့် အီရတ်နှင့် အမေရိကန်တို့၏ လုံခြုံရေးဆိုင်ရာ သဘောတူညီချက်ကို ကန့်ကွက်သည့်အနေဖြင့် ဘဂ္ဂဒက်မြို့တွင် ပြည်သူရာပေါင်းများစွာ ဆန္ဒပြခဲ့ကြသည်။**

**ကန့်ကွက်ဆန္ဒ**

ဆန္ဒပြသူများက ဘဂ္ဂဒက်မြို့ လမ်းမကြီးများ၌ ချီတက် ဆန္ဒပြခဲ့ကြပြီး ဘဂ္ဂဒက်မြို့ အယ်လ်ဖီရ်ဒတ်စ် ရင်ပြင်တွင် စုရုံးကာ အီရတ်နိုင်ငံအလံများနှင့် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ အယ်ဆားဒါး၏ ရုပ်ပုံများကို ကိုင်ဆောင်ကာ အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများ ကြွေးကြော်ကာ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

**ကြွေးကြော်**

"အီရတ်လုံခြုံရေးအတွက် အမေရိကန်တို့ မလိုအပ်ပါ"ဟူသော စာတန်းများ ကိုင်ဆောင်ကာ ဆန္ဒပြခဲ့ကြပြီး "အမေရိကန်တို့ ထွက်သွား"ဟူသော ကြွေးကြော်သံများဖြင့် ကန့်ကွက် ဆန္ဒပြခဲ့ကြသည်။

**(အင်တာနက်)**

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း အမာလီအရပ်၌ နိုဝင်ဘာ ၂၂ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို နိုဝင်ဘာ ၂၃ရက်က စစ်ဆေးနေကြစဉ်။**(အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူ ၁၅၀သေဆုံးခဲ့သည်။)

**(အင်တာနက်ဓာတ်ပုံ)**

# အမေရိကန် ဒုံးကျည်လက်ချက်ဖြင့် ဗြိတိသျှစစ်သွေးကြွ သေဆုံး

ပက်ရှဝါ နိုဝင်ဘာ ၂၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ နိုဝင်ဘာ ၂၂ ရက်က အမေရိကန် ဒုံးကျည်ပစ်ခတ်မှုကြောင့် အယ်လ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသည့် ဗြိတိသျှစစ်သွေးကြွရာရှစ်ရှေ့ဖ်မှာ အီဂျစ်စစ်သွေးကြွတစ်ဦးနှင့်အတူ သေဆုံးသွားပြီဖြစ်ကြောင်း ပါကစ္စတန်ရုပ်မြင်သံကြားနှင့် ထောက်လှမ်းရေးအရာရှိများက သတင်းထုတ်ပြန်သည်။

**ဖောက်ခွဲ**

ရာရှစ်ရှေ့ဖ်မှာ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကျော်ပို့ဆောင်သည့် လေကြောင်းလိုင်းပိုင် လေယာဉ်ခရီးစဉ်များ ဖောက်ခွဲတိုက်ခိုက်ရေးတွင် ဂိုဏ်းခေါင်းဆောင်အဖြစ် သင်္ကာမကင်းရှိသူဖြစ်သည်။

**အမ်အင်န်အေ၊ရိုက်တာ**

# အင်ဒီဗားမှ အာကာသယာဉ်မှူးနှစ်ဦး အာကာသအတွင်း တတိယအကြိမ် လမ်းထွက်လျှောက်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၂၄**

နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ ရောက်ရှိနေသည့် အမေရိကန်အာကာသလွန်းပြန်ယာဉ် အင်ဒီဗားမှ အာကာသယာဉ်မှူး နှစ်ဦးသည် နိုဝင်ဘာ ၂၂ရက်က အာကာသအတွင်း တတိယအကြိမ် လမ်းလျှောက်ပြီးစီးသွားပြီဖြစ်သည်။

**နေရောင်ခြည်စွမ်းအင်**

အာကာသ ယာဉ်မှူးများဖြစ်သည့် မီးစ်စတက်ဖာနစ်ရှင်ပိုက်ပါနှင့် စတိဘိုဝင်တို့သည် ဤတစ်ကြိမ်တွင် ခုနစ်နာရီနီးပါးအထိ အာကာသအတွင်း နေထိုင်ကာ နိုင်ငံတကာ အာကာသစခန်းယာဉ်၏ လက်ယာဘက်ရှိ နေရောင်ခြည်စွမ်းအင်ကို လျှပ်စစ်ဓာတ်အားအဖြစ်သို့ ပြောင်းပေးသည့် ပေါင်ကွက်၏အဆက် ပုံမှန်ဖြစ်ရေး ပြင်ဆင်မှုလုပ်ငန်း တစ်ခုလုံး နီးပါးကို ဆောင်ရွက်နိုင်ကြသည်။

**အစားထိုးလဲ**

သူတို့နှစ်ဦးသည် လျှပ်စစ်ဓာတ်အားပြောင်း ပေါင်ကွက်အဆက်မှ ဘယ်ယာရင် ၁၂ခုရှိသည့်အနက် ငါးခုကိုလဲပေးနိုင်သည်။ ငါးခုမှာ စောစောပိုင်းနှစ်ကြိမ်က အစားထိုးလဲပေးပြီးဖြစ်သည်။ နောက်ဘယ်ယာရင်တစ်ခုမှာ လဲထားပြီးဖြစ်ပြီး ကျန်ဘယ်ယာရင်တစ်ခုကို ဆေးကြောခဲ့သည်။ နောက်တစ်ကြိမ် လမ်းထွက်လျှောက်မှ လဲပေးမည်ဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ဝါရှင်တန်မြို့၌ ပစ်ခတ်မှုဖြစ်ပွား တစ်ဦးသေဆုံး

**ဝါရှင်တန် နိုဝင်ဘာ ၂၄**

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ တူဝီလာအရပ်ရှိ ဈေးအဆောက်အအုံတွင် နိုဝင်ဘာ ၂၃ရက်က သေနတ်ဖြင့်ပစ်ခတ်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဝါရှင်တန်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဈေးဝယ်သူများဖြင့် စည်ကားနေသည့် ညနေပိုင်း၌ သေနတ်သမားတစ်ဦးနှင့်လူငယ်နှစ်ဦးတို့အကြား ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းပစ်ခတ်မှုကြောင့် ထောင်ပေါင်းများစွာသော ဈေးဝယ်သူများ ဘေးကင်းရာသို့ ထွက်ပြေးခဲ့ကြရကြောင်း၊ သေနတ်သမားကို အချိန်တိုအတွင်း ဖမ်းမိခဲ့ကြောင်း ၄င်းတို့ကပြောကြားသည်။ **(အင်တာနက်)**

# ဘရာဇီး၌ ရေလွှမ်းသဖြင့် လူ၂၀သေဆုံး

ဆော်ပေါလို နိုဝင်ဘာ ၂၄

**ဘရာဇီးနိုင်ငံ ဆန်တာကာတာရီနာပြည်နယ်တွင် နိုဝင်ဘာ၂၄ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေလွှမ်းမှုများဖြစ်ပွားကာ လူ၂၀သေဆုံးပြီး ထောင်ပေါင်းများစွာသော ဒေသခံများ ရေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း ဘရာဇီးနိုင်ငံ မိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။**

သဘာဝဘေး

**ဘရာဇီးနိုင်ငံသမ္မတ လူလာဒါဆီးလ်ဗားက ရေဘေးဒုက္ခ ကြုံတွေ့နေရသည့် ဒေသအားသဘာဝဘေးအန္တရာယ်ကျရောက်ရာ ဒေသအဖြစ် အကူအညီပေးရန် တိုက်တွန်းခဲ့သည်။**

ဆက်လက်ရွာသွန်း

**မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေလွှမ်းမှုများနှင့်အတူ မြေပြိုမှုများလည်း ဖြစ်ပွားလျက်ရှိရာ ကာတာရီနာပြည်နယ်ရှိ မြို့လေးမြို့တွင် လမ်းများရေလွှမ်းပြီး နေအိမ် အချို့ပျက်စီးခဲ့ကြောင်း သိရသည်။**

သတင်းထုတ်ပြန်

**မိုးမှာ ဆက်လက်ရွာသွန်းနေမည် ဖြစ်ကြောင်း ဘရာဇီးမိုးလေဝသဌာနမှ သတင်းထုတ်ပြန်ထားသည်။** (အင်တာနက်)

# မနီလာမြို့တော်၌ ဗုံးခွဲရန်စီစဉ်မှု ရဲတပ်ဖွဲ့က ဖော်ထုတ်နိုင်

**မနီလာ နိုဝင်ဘာ ၂၄**

ဖိလစ်ပိုင်ရဲတပ်ဖွဲ့က အာဘူဆေယက်အကြမ်းဖက် အဖွဲ့ဝင်နှစ်ဦးအား ဖမ်းဆီးလိုက်ပြီး မြို့တော်မနီလာရှိ အများပြည်သူတို့ စုရုံးရောက်ရှိရာနေရာများသို့ ဗုံးခွဲမည့် အစီအစဉ်ကို ဟန့်တားနိုင်လိုက်ကြောင်း လုံခြုံရေးအာဏာပိုင်များက နိုဝင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

အာဘူဆေယက်အဖွဲ့ဝင် ဆာလာကာဆန်နှင့် အယ်ဘရားတို့နှစ်ဦးအား ခွဲရန်အသင့်ဖြစ်နေသည့် ဗုံးနှင့်အတူ သက်ဆိုင်ရာကဖမ်းဆီးမိကြောင်း အကြမ်းဖက်မှုနှိမ်နင်းရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရီကာဒိုဘလန်ကက်လာက သတင်းထောက်များအား ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

**ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဒီရာအစ္စမေးလ်ခန်မြို့တွင် နိုဝင်ဘာ ၂၁ ရက်က အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံကို တွေ့ရစဉ်။** ( အဆိုပါ အကြမ်းဖက်မှုကြောင့် ၁၀ဦး သေဆုံးပြီး လူ ၄၀ ဒဏ်ရာ ရရှိခဲ့သည်။)

**(အင်တာနက်ဓာတ်ပုံ)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

*တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း။*

# သတင်းဘာသာပြန်ရာတွင် အများနားလည်ရန်လိုအပ် ဟာသဆိုတာ မရိုင်းရဘူး၊ ထိမိရမယ်၊ ရယ်ရမယ်

စာရေးဆရာ မောင်မြင့်ကြွယ်

အမေးနှင့်အရေး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု-ကျင်သန်းဦး (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာ့စာပေလောကတွင် ဟာသစာပေနှင့် ဘာသာပြန်စာပေများ ရေးသားခဲ့သည့် စာရေးဆရာကြီးများ ရှိခဲ့ကြသည်။ မြန်မာ့စာပေလောက ဆက်လက်ဖွံ့ဖြိုးရှင်သန်နေစေရန် ဘာသာရပ်ဆိုင်ရာစာပေများအလိုက် ရေးသားမှုအပိုင်းတွင် သိသင့်သိထိုက်သည်များကို လူငယ်များ နားလည်သိရှိ မှတ်ယူနိုင်ရေး လိုအပ်လျက်ရှိသည်။

ဟာသနှင့်ဘာသာပြန်စာပေများကို ရေးသားခဲ့သူ စာရေးဆရာကြီး မောင်ညစ်ကျယ်၊ မောင်မြင့်ကြွယ်နှင့်တွေ့ဆုံမေးမြန်းမှုကို ဖော်ပြလိုက်ရပါသည်။

**မေး**။ ။ဟာသစာပေကို စတင်ရေးသားဖြစ်ခဲ့ပုံလေး ပြောပြပေးပါဦးဆရာ။

**ဖြေ**။ ။၁၉၅၄ ခုနှစ် ဩဂုတ်လမှာ ``တက္ကသိုလ်မှ သရဲခြောက်မှုကြီး'' ဆိုတဲ့ ဟာသကို မောင်ညစ်ကျယ် (လက်ပံတန်း)အမည်နဲ့ စတင်ရေးသားခဲ့တယ်။ ဟာသရေးဖြစ်တာကလည်း ကျွန်တော်ငယ်ငယ်က စကားမပီဘူး။ ကျွန်တော့်အမည် မောင်မြင့်ကြွယ်ကိုပြောတိုင်း မောင်ညစ်ကျယ်လို့ အသံထွက်နေတာမို့ အဲဒီကစပြီး မောင်ညစ်ကျယ် နာမည်နဲ့ ဟာသတွေ ရေးဖြစ်ခဲ့တာပါ။

**မေး**။ ။ဟာသကို ဘယ်လိုလေ့လာပြီး ရေးသားခဲ့တယ်ဆိုတာလဲ သိပါရစေ။

**ဖြေ**။ ။ဘာသာပြန် ဟာသအတိုအထွာတွေ ရေးခဲ့တာပါ။ ဘာသာပြန်ဟာသရေးတဲ့ အခါမှာ နိုင်ငံခြားဟာသကို မြန်မာလို မှီငြမ်းပြုစုပြီးမှ ရေးဖြစ်ခဲ့ပါတယ်။ တိုက်ရိုက်ဘာသာပြန်ရင် မြန်မာစာဖတ်ပရိသတ်တွေ နားလည်မှာမဟုတ်ဘူး၊ ဆိုလိုတာက ဟာသမြောက်မှာမဟုတ်ဘူးပေါ့၊ အများအားဖြင့်ကတော့ မြန်မာလိုတွေးပြီး ရေးခဲ့တာချည်းပါပဲ။ ဒါက ဘာဖြစ်လို့လဲဆိုတော့ ယဉ်ကျေးမှုချင်းမတူကြဘူး၊ သူတို့နိုင်ငံတွေမှာ ဟာသမြောက်နေပေမယ့် ကျွန်တော်တို့အတွက် ဟာသမမြောက်ဘူး ဖြစ်နေတယ်။ ဒါကြောင့် မြန်မာလိုတွေးပြီး မြန်မာလိုရေးခဲ့ခြင်း ဖြစ်ပါတယ်။

**မေး**။ ။ဟာသတွေက တစ်ခုနဲ့တစ်ခု ဆင်တူနေတာမျိုးတွေ တွေ့နေရတယ်နော် ဆရာ။

**ဖြေ**။ ။ဟာသဆိုတာ ထပ်ခါတလဲလဲ ဖြစ်ပေါ်နေတာမျိုးတွေ ရှိတယ်။ ရေးက ပြောဆိုခဲ့ဖူးတဲ့ဟာသကို နောက်ပိုင်းမှာ ပုံစံတစ်မျိုးနဲ့ ရေးသားတာတွေရှိတယ်။ ဒါကြောင့် ဆင်တူယိုးမှားတွေ ရှိလာတာပါ။ ကျွန်တော်ရေးခဲ့ဖူးတဲ့ ``မိတ်အင်ရှာလွတ်'' ဆိုတဲ့ ဟာသကို မြန်မာ့အသံမှာ လွှင့်ခဲ့ဖူးပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ ``မိတ်အင်ချိုင်းနား''ဆိုတာမျိုးတွေလည်း ရှိလာတယ်။

**မေး**။ ။ဟာသမှာ အမျိုးအစား ဘယ်နှမျိုးရှိပါသလဲ ရှင်းပြပေးပါဦးဆရာ။

**ဖြေ**။ ။ဟာသမှာ နှစ်မျိုးရှိတယ်။ တစ်မျိုးကတွေးပြီးမှ ရယ်ရတဲ့ဟာသနဲ့ နောက်တစ်မျိုးက ညစ်ညမ်းမှုရယ်ရတဲ့ ဟာသဆိုတာလည်း ရှိပါတယ်။ ဒါပေမယ့် ဟာသက မရိုင်းဖို့ လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဟာသရေးတာဟာ စာရွက်ပေါ်မှာ ရေးရတာမို့ မှတ်တမ်းမှတ်ရာအဖြစ် ကျန်ရစ်ခဲ့တာဆိုတော့ ရယ်ဖို့ရေးပါ၊ ဒါပေမယ့် မရိုင်းရဘူး၊ လူကြီး လူငယ်မရွေး ဖတ်လို့ရအောင် ဟာသရေးရင် ထိရမယ်၊ ရယ်ရမယ်။ ဒါမျိုးပဲ ဖြစ်သင့်ပါတယ်။ ကျွန်တော်ဆိုရင် ဆရာကြပ်ကလေးကို နမူနာယူပြီး ရေးခဲ့သလို သရော်စာတွေကိုလည်း လေ့လာခဲ့တာပါပဲ။ သရော်စာကတော့ ပြုံးတမဲ့မဲ့ဖြစ်စေတာပေါ့။

**မေး**။ ။ဘာသာပြန်စာပေတွေလည်း ဆရာ အများကြီး ရေးတယ်နော်။

``မိခင်မြန်မာစာနဲ့ ဘာသာပြန်ဆိုမယ့် ဘာသာစကားနှစ်မျိုးစလုံး နားလည်ကျွမ်းကျင်အောင် လေ့လာဆည်းပူးထားသင့်တယ်''
စာရေးဆရာမောင်မြင့်ကြွယ်

**ဖြေ**။ ။ရေးခဲ့ပါတယ်။ ကလောင်တွေကတော့ မောင်မြင့်ကြွယ်နဲ့ အဓိက ရေးသားပြီး ကလောင်ခွဲတွေကတော့ ဟာသဂျပိုး၊ စာဂျပိုး၊ ရုပ်ရှင်ဂျပိုး၊ သိပ္ပံဂျပိုးစတဲ့ ကလောင် အမည်တွေနဲ့ ရေးခဲ့တာပါ။ မှတ်မှတ်ရရ ပြောရရင်တော့ ၁၉၇၇ခုနှစ် ဧပြီလမှာ ဘာသာပြန်လုံးချင်း စရေးဖြစ်ခဲ့တယ်။ အခုအချိန်အထိ ဘာသာပြန်စာအုပ် ၄၃အုပ် ရေးခဲ့ပြီးပါပြီ။

**မေး**။ ။ဘာသာပြန်တဲ့အခါ သိသင့်သိထိုက်တာလေးတွေလဲ ရှင်းပြပေးပါဦး ဆရာ။

**ဖြေ**။ ။မိခင်မြန်မာစာနဲ့ ဘာသာပြန်ဆိုမယ့် ဘာသာစကားနှစ်မျိုးစလုံး နားလည်ကျွမ်းကျင်အောင် လေ့လာဆည်းပူးထားသင့်တယ်။ အထူးအနေနဲ့ မိခင်ဘာသာစကားကို ပိုပြီး နားလည်တတ်ကျွမ်းသင့်ပါတယ်။ အဘိဓာန်တွေရဲ့ အကူအညီကို အမြဲယူရမယ်။ လုံ့လဝီရိယရှိရမယ်။ ဝါသနာကိုအရင်းခံပြီး စေတနာရှိဖို့လည်း လိုအပ်ပါတယ်။

## စာပေနှင့်သူတို့အမြင်

**မေး**။ ။ဘာသာပြန်ဆိုတာ ဘယ်နှမျိုးလောက်ရှိပါသလဲဆိုတာ ရှင်းပြပေးပါဦး ဆရာ။

**ဖြေ**။ ။အဓိကအားဖြင့်တော့ နှစ်မျိုးရှိပါတယ်။ ရသဘာသာပြန်နဲ့ စာနယ်ဇင်းဘာသာပြန်ဆိုမှုပေါ့။ ရသဘာသာပြန်တဲ့အခါ မိမိဘာသာပြန်ထားတဲ့ဝါကျဟာ ချောမွေ့ ပြေပြစ်မှု ရှိမရှိ၊ အဓိပ္ပာယ်ပေါ်လွင်မှု ရှိမရှိ၊ အဓိပ္ပာယ်ပေါ်သည့်တိုင် မိမိဘာသာစကားအတွက် ရိုင်းနေခြင်း ရှိမရှိ၊ အထပ်ထပ်အခါခါ ပြန်စစ်သင့်တယ်၊ သတ်ပုံနဲ့ အသုံးအနှုန်း မှန်အောင်လည်း အထူးသတိပြုသင့်တယ်။ မူရင်းမှာ အီဒီယမ်လို့ တင်စားခေါ်ဝေါ်တဲ့ စကားလုံးတွေပါလာရင်လည်း ဆီလျော်တဲ့အဓိပ္ပာယ်ကိုရအောင် ကြိုးစားပြီး ရေးသားရမယ်။

**မေး**။ ။သတင်းဘာသာပြန်ဆိုရင်ကော ဆောင်ရန်၊ ရှောင်ရန်တွေ ပြောပြပေးပါဦး ဆရာ။

**ဖြေ**။ ။သတင်းဘာသာပြန်တဲ့သူတွေအတွက်ကတော့ အများနားလည်တဲ့ စကားလုံးတွေကို သုံးသင့်တယ်။ ခက်ခဲတဲ့ စကားလုံးတွေအစား လွယ်ကူရှင်းလင်းတဲ့ စကားလုံးတွေကိုသုံးသင့်ပြီး ပါဠိ၊ ပေါရာဏစကားလုံးတွေကို ရှောင်သင့်တယ်။ နောက်ပြီး ထိရောက်တဲ့ စကားလုံးတွေကို သုံးသင့်ပါတယ်။ လုပ်ငန်းခွင် သို့မဟုတ် နည်းပညာဆိုင်ရာ စကားလုံးတွေကို တတ်နိုင်သမျှရှောင်ပါ၊ ဝါကျတွေ တိုတိုရေးသားပါ။ အများနားလည်နိုင်တဲ့ အရေးအသားနဲ့ စာပိုဒ်တိုတွေ ခွဲပြီးရေးသင့်ပါတယ်။ ဒ့ါအပြင် စာတစ်ပိုဒ်ဟာ ဆိုလိုတဲ့အချက်တစ်ချက်သာ ဖော်ပြသင့်တယ်လို့ ထင်ပါတယ်။

**မေး**။ ။ဘာသာပြန်သူတွေအတွက် လိုအပ်ချက်တွေကိုလည်း ပြောပြပေးပါဦး ဆရာ။

**ဖြေ**။ ။အဘိဓာန်ကို လှန်ဖို့မပျင်းရဘူး၊ အကြောင်းအရာမျိုးစုံကို ဘာသာပြန်နိုင်အောင် လေ့လာရမယ်။ စာအမျိုးစုံဖတ်ပြီး စာလုံးအသစ်တွေကို မျက်ခြည်မပြတ်ရတဲ့အပြင် နေ့တိုင်းဘာသာပြန်နေဖို့လည်း လိုအပ်ပါတယ်။ စာပေဗဟုသုတ ပြည့်စုံဖို့နဲ့ မိမိအရေးအသားကို ကောင်းသည်ထက်ကောင်းအောင် မွမ်းမံနေဖို့လည်း လိုအပ်သလို မြန်မာဆန်အောင်၊ မြန်မာ့လျှာနဲ့ကိုက်ညီအောင် ရေးနိုင်ဖို့ကြိုးစားရမယ်ဟု ဘာသာပြန်နှင့် ပတ်သက်သော အကြံပြုချက်များကို ဆရာမောင်မြင့်ကြွယ်က မြန်မာ့အလင်းသို့ ဖြေကြားသွားပါကြောင်း။ ။

(မြန်မာ့အလင်း)

စာရေးဆရာမောင်မြင့်ကြွယ် ဘာသာပြန်ဆိုရေးသားခဲ့သော စာအုပ်များ။

# စာအုပ်အဟောင်းများကို စာပေကိုတန်ဖိုးထားသူများက ထိန်းသိမ်းလာ အချို့စာအုပ်များက ယဉ်ကျေးမှုတန်ဖိုးမြင့်မားသည့်အတွက် ဈေးကွက်၌ မျက်နှာပန်းလှနေ

တွေ့ဆုံမေးမြန်းသူ-မိုးမြင့်လင်းလက် ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-ဝင်းနိုင် (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၄

စာအုပ်စာပေမှရသော အသိပညာနှင့် ဗဟုသုတတို့သည် တန်ဖိုးမဖြတ်နိုင်။ ဘဝတစ်လျှောက်လုံးအတွက် အဖိုးထိုက်ရတနာများသဖွယ် အကျိုးကျေးဇူးကြီးစွာပြုလေသည်။ထို့အတူ စာကောင်းပေမွန်များသည်လည်း ရတနာပန်းခင်းများသဖွယ် တန်ဖိုးမြင့်မားလျက်ရှိရာ နှစ်ကာလရှည်ကြာလေ အဖိုးအနဂ္ဃထိုက်တန်လေဖြစ်သည်။

ထို့ကြောင့် မြန်မာ့စာပေနယ်ပယ်တွင် စာအုပ်အဟောင်းဈေးကွက်ကား အချိန်ကာလတိုင်းတွင် ထိုက်တန်သောနေရာကို ရယူနိုင်နေဆဲဖြစ်ရာ စာအုပ်အဟောင်း အရောင်းဈေးကွက် အနေအထားနှင့် စာအုပ်အဟောင်းများရပ်တည်နေမှု အခြေအနေအပေါ် အမြင်သစ်စာပေမှ စာပေတိုက်ပိုင်ရှင် ကိုလှမင်းအောင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

``စာအုပ်အဟောင်းတွေက ဈေးကွက်မှာ ထိုက်တန်တဲ့နေရာတစ်ခု ရယူနေဆဲဖြစ်ပါတယ်။နောက်ပြီးတန်ဖိုးတွေလည်း မြင့်လာတယ်။ ဒါက ဘာသာရေး၊ စာပေရေးရာ၊ သမိုင်း၊ ယဉ်ကျေးမှု အနုပညာနဲ့ပတ်သက်တဲ့ စာအုပ်မျိုးတွေကို တန်ဖိုးထားတဲ့သူတွေက ထိန်းသိမ်းမှုပိုရှိလာလို့ပါပဲ။ နောက်တစ်ချက်ကတချို့စာအုပ်တွေက အသစ်ထပ်မံ ပုံနှိပ်ခြင်းမရှိတော့လို့ ဖြစ်ပါတယ်။ ဒါကလည်း စာအုပ်ရဲ့ရှားပါးမှုနဲ့ အသုံးဝင်မှုအပေါ် သိရှိတဲ့

``စာအုပ်အဟောင်းတွေက ဈေးကွက်မှာ ထိုက်တန်တဲ့ နေရာတစ်ခု ရယူနေဆဲပါပဲ''
ကိုလှမင်းအောင်
အမြင်သစ်စာပေ

သူတွေက ထိန်းသိမ်းလာကြတာမို့ စာအုပ်အဟောင်းတွေ ရှင်သန်ရပ်တည်နေနိုင်ပြီး စိတ်ဝင်စားမှုလည်းရှိနေတာပါ''ဟု ကိုလှမင်းအောင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

တချို့စာအုပ်များမှာ ရှားပါးသော်လည်း လက်ရှိအနေအထားနှင့် အသုံးတည့်ချင်မှ တည့်ပေမည်။ တချို့ကရှားပါးသည့်အတွက် ဈေးနှုန်းမြင့်ပြီး တချို့ကအသုံးတည့်ပြီး ဝယ်လိုအားများသည့်အတွက် ဈေးမြင့်နေခြင်းလည်းဖြစ်ကြောင်း သိရသည်။

``တချို့စာအုပ်တွေကြည့်ရင် ဥပမာ-၁၈၀၀ပြည့်နှစ်က အီတလီနိုင်ငံမှာထုတ်ခဲ့တဲ့ မြန်မာစာအုပ်ဆိုရင် ဒီခေတ်မှာ အသုံးမတည့်ပေမယ့် ယဉ်ကျေးမှုတန်ဖိုးအရ မြင့်မားတဲ့အတွက် စာအုပ်အဟောင်း ဈေးကွက်မှာ မျက်နှာပန်းလှနေတာပေါ့။ ဒ့ါအပြင် ရတနာပုံခေတ်က ထုတ်ဝေခဲ့တဲ့ သတင်းစာတွေ၊ စစ်ကြိုခေတ်က ဂျာနယ်တွေ၊ ကိုလိုနီ ခေတ်ဦးပိုင်းက ထုတ်ဝေခဲ့တဲ့စာအုပ်တွေကို စာပေတန်ဖိုးသိတဲ့သူတွေက ထိန်းသိမ်းလာကြတယ်။ စာပေ အနုပညာအပြင် ဓာတ်ပုံနဲ့ ယဉ်ကျေးမှုအသုံးအဆောင်တွေကို ထိန်းသိမ်းနိုင်ကြရင် ယဉ်ကျေးမှုကိုလည်း မြှင့်တင်နိုင်တာပေါ့၊ ဥပမာအနေနဲ့ပြောရရင်မင်းတုန်းမင်းရဲ့ မူရင်းဓာတ်ပုံဆိုရင် အလွန်ရှားနေပြီ။ တန်ဖိုးရှိမှန်းမသိရင် ထိန်းသိမ်းမှာမဟုတ်ဘူး၊ အဲဒီလို မထိန်းသိမ်းရင်တော့ ပျောက်ကွယ်သွားမှာ ပါပဲ''ဟု ကိုလှမင်းအောင်က ရှင်းပြသည်။ စာအုပ်အဟောင်းများ ဈေးကွက်တွင်ကျယ်လာသည်ကို လေ့လာကြည့်ရာ၌ ၁၉၆၀ပြည့်နှစ်နောက်ပိုင်းခန့်မှ စတင်ကာ အရှိန်ရလာသည်ကို တွေ့ရပြီး ယင်းမှာလည်း လူဦးရေတိုးလာမှုနှင့် ဖတ်ရှုသူများလာမှုတို့ကြောင့် ဖြစ်ကြောင်း သိရသည်။ စာအုပ်အဟောင်း၊ အသစ်ကွာခြားမှုနှင့် စာအုပ်အဟောင်းများအား မည်သည့်အတွက်ကြောင့် ဖတ်ရသည် ဆိုသည့်အချက်နှင့်ပတ်သက်ပြီး ``စာအုပ်အသစ်တွေဆိုတာက အလွယ်တကူ ဝယ်ယူလို့ရတယ်၊လက်လှမ်းမီနိုင်တယ်။ စာအုပ်အဟောင်း ကျတော့ စာပေနံ့စပ်မှ သိနိုင်တယ်။စာအုပ်တစ်အုပ်ကို အကြိမ်ကြိမ် ရိုက်တာကလည်း စာအပြည့်အစုံ တူချင်မှတူပေမယ့် စာအုပ်အသွင်အပြင် မျက်နှာဖုံးကအစ မတူတာမို့လည်း စာအုပ်အဟောင်းတွေကို အကြိမ်ကြိမ်ဝယ်ယူဖြစ်တာလဲ ပါဝင်ပါတယ်။ ထိန်းသိမ်းလိုတာလည်း ပါဝင်တယ်။ စာအုပ်အဟောင်းတွေကို စုဆောင်းတဲ့အခါ နှစ်ပိုင်းရှိပါတယ်။တစ်ပိုင်းက စာအုပ်အဟောင်းနဲ့ တစ်ပိုင်းက ရှားပါးစာအုပ်ဆိုတာမျိုး ဖြစ်ပါတယ်။

ရှားပါးစာအုပ်က အဟောင်းဖြစ်တဲ့အပြင် တစ်ကမ္ဘာလုံးမှာမှ နှစ်အုပ်ကနေ ၁၀အုပ်လောက်အထိပဲရှိတယ်။ သက်တမ်းအားဖြင့်

ယဉ်ကျေးမှု တန်ဖိုးမြင့်သည့် စာအုပ်အဟောင်းများကို ဤသို့တွေ့ရသည်။

ထုတ်လုပ်တဲ့နှစ်က အနည်းဆုံး နှစ် ၈၀ခန့် ရှိရမယ်။ အရေအတွက်အနေနဲ့ နည်းပါးတဲ့ စာအုပ်တွေဖြစ်တယ်။ စာအုပ်အဟောင်းဆိုတာကတော့ ရှားချင်ရှားမယ်၊ မရှားချင်မရှားဘူး၊အသစ်လည်းမဟုတ်တဲ့ စာအုပ်မျိုးပေါ့။ ဒါကြောင့် ကမ္ဘာ့စာပေလောကကိုကြည့်ရင် လူငယ်တွေအတွက် စာအုပ်အဟောင်းတွေက ပိုများတယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့စာအုပ်အဟောင်းတွေက ပြန်ရနိုင်၊ ပြန်ရိုက်နိုင်ပေမယ့် ရှားပါးစာအုပ်တွေကတော့ စာပေသက်တမ်းရင့်တဲ့အပြင် ပြန်မရိုက်နိုင်တာလည်း ပါဝင်တာမို့ ပိုပြီး ရှားပါးတယ်ပေါ့။ စာအုပ်အဟောင်းက ရောင်းချတာများတယ်။ ရှားပါးစာအုပ်တွေကတော့ လက်ထဲကိုင်ထားတာများတယ်''ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

စာအုပ်အဟောင်းနှင့်အသစ် ရောင်းချရမှုကိုကြည့်လျှင် စာအုပ်အသစ်တွေက ဝယ်လိုအားပိုများသည်။ အချက်အလက်အသစ်၊ နည်းပညာအသစ်များကြောင့်လည်း စာအုပ်အသစ်များကို လူငယ်စာဖတ်ပရိသတ်များကဖတ်ရှုနေကြခြင်းဖြစ်သည်။ စာအုပ်အဟောင်းအများစုတွင် သုတ၊ ရသ၊ ခံစားမှုမြင့်တဲ့ စာအုပ်များ၊ အချက်အလက်ခိုင်မာသည့် စာအုပ်များကသာ တန်ဖိုးမြင့်ပြီး အကောင်းဆုံးအနေအထား၌ရပ်တည်နေနိုင်ကြခြင်းလည်းဖြစ်သည်။

``လက်ရှိ စာအုပ်အဟောင်း ဈေးကွက်အနေအထားက ပိုပြီးကျယ်ပြန့်လာတယ်။ ရှားပါးစာအုပ်နဲ့ စာအုပ်အဟောင်းတွေကို စုဆောင်းထိန်းသိမ်းဖို့ လိုအပ်တယ်ဆိုတာ အသိဉာဏ်မြင့်တဲ့၊ စာပေကိုတန်ဖိုးထားတဲ့သူတွေက သိလာကြတာမို့ အရင်ကထက်ပိုပြီး ထိန်းသိမ်းလာကြတာတွေ့ရတယ်။ ဒါကြောင့် စာအုပ်အဟောင်းနဲ့ ရှားပါးစာအုပ်တွေရဲ့ ဈေးကွက်အနေအထားကိုကြည့်ရင် ပုံမှန်တော့မရှိပါဘူး၊ စာအုပ်အဟောင်းသမားတွေအနေနဲ့က ထိန်းသိမ်းဖို့သိပေမယ့် တန်ဖိုးမြင့်မားလို့ လက်လှမ်းမမီကြဘူး၊ ဒါကြောင့် စာအုပ်အဟောင်းသမား အများစုအနေနဲ့ ရပ်တည်ရတာ အခက်အခဲရှိလာတယ်''ဟု ကိုလှမင်းအောင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထို့အပြင် စာအုပ်အဟောင်းဈေးကွက်၌ မည်သို့သော စာအုပ်များ ပိုရောင်းရသည့် အခြေအနေနှင့် ပတ်သက်၍လည်း ``ရှားပါးစာအုပ် စုဆောင်းတဲ့သူတွေအနေနဲ့ဆိုရင် လွန်ခဲ့တဲ့နှစ် ၁၀၀ကျော်က ထုတ်ဝေခဲ့တဲ့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနဲ့ စာအုပ်တွေ ပိုပြီး စုဆောင်းကြတယ်။ လူအများစုကတော့ ဂန္ထဝင်ဝတ္ထု၊ ခေတ်သစ် ဂန္ထဝင်စာအုပ်တွေနဲ့ သမိုင်းဆိုင်ရာစာအုပ်တွေကို အဖတ်များလို့ အဲဒီလိုစာအုပ်မျိုးတွေ ပိုရောင်းရပါတယ်။ ရှားပါးစာအုပ်နဲ့ စာအုပ်အဟောင်းလောကရဲ့ ရှေ့အလားအလာနဲ့ ပတ်သက်ပြီး ပြောရရင်တော့ အခုထက် ပိုကျယ်ပြန့်လာမယ်လို့ ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ယဉ်ကျေးမှု မြင့်လာသလို စီးပွားရေးလည်း မြင့်လာကြတဲ့လူတွေအဖို့ စာအုပ်အဟောင်းတွေရဲ့တန်ဖိုးကိုသိလာနေပါပြီ။ လက်ရှိအခြေအနေအရ နိုင်ငံတကာစာအုပ်အဟောင်း ဈေးကွက်ကိုမမီသေးပေမယ့် တစ်ချိန်မှာ ရောက်ရှိလာလိမ့်မယ်လို့ ယုံကြည်ပါတယ်''ဟု အမြင်သစ်စာပေ တိုက်ပိုင်ရှင် ကိုလှမင်းအောင်က မြန်မာ့အလင်းသို့ ရှင်းပြခဲ့ပါကြောင်း။ ။

(မြန်မာ့အလင်း)

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ယမန်နေ့နံနက် ၇နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ရန်ကုန်တိုင်းနှင့် မြို့နယ်များအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု၊ ထိန်းချုပ်နိုင်မှု၊ ကြိုတင်ကာကွယ်ရေးဆောင်ရွက်နိုင်မှု၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကိုမှာကြားပြီး ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်စိန်မှန်လမ်းတစ်လျှောက်၌ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ကျန်းမာရေးပညာပေး ဟောပြောနေမှု၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင်ဆောင်ရွက်မှု၊ ခြင်ဆေးဖျန်းစက်လေးလုံးအသုံးပြု၍ နေရာလပ်မရှိ ကွက်ပြည့်ခြင်ဆေးဖျန်းနေမှု၊ ရေစီးရေလာကောင်းမွန်ရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။

### ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ၂၆ရပ်ကွက် အောင်ဇေယျအိမ်ရာဝင်းအတွင်း ရပ်ကွက်နေ ပြည်သူများစုပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင် ဆောင်ရွက်မှုလုပ်ငန်းများ၊

ခြင်ဆေးဖျန်းစက် လေးလုံးအသုံးပြု၍ နေရာလပ်မရှိ ကွက်ပြည့်ခြင်ဆေးဖျန်းနေမှု၊ ကျန်းမာရေး ပညာပေးဟောပြောနေမှု၊ ရေစီးရေလာ ကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ၂၆ရပ်ကွက် အောင်ဇေယျအိမ်ရာဝင်းအတွင်း ရေစီးရေလာ ကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ အထူးညီလာခံ လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတက်ရောက်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၈ရက်မှ ၂၂ရက်အထိ အီတလီသမ္မတနိုင်ငံ ရောမမြို့၌ ကျင်းပသည့် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ (၃၅)ကြိမ်မြောက် အထူးညီလာခံသို့တက်ရောက်ပြီး ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

### တက်ရောက်

ဝန်ကြီးဗိုလ်ချုပ်ဌေးဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၈ရက်တွင် ရောမမြို့ FAO ဌာနချုပ်၌ကျင်းပသည့် (၃၅)ကြိမ်မြောက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) အထူးညီလာခံသို့ အဖွဲ့ဝင် နိုင်ငံပေါင်း ၁၈၉နိုင်ငံမှ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးဆိုင်ရာ ဝန်ကြီးအဆင့် ပုဂ္ဂိုလ်များနှင့်အတူ တက်ရောက်သည်။

ညီလာခံတွင် FAO ညွှန်ကြားရေးမှူးချုပ် Dr. Jaeques Diouf က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ ညီလာခံကို ဖွင့်လှစ်ပေးပြီး သဘာပတိအဖြစ် ဖင်လန်နိုင်ငံ စီးပွားရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mauri Pekkarinem က ဆောင်ရွက်၍ ဒုတိယသဘာပတိများအဖြစ် ပနားမားနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး၊ ဆူဒန်နိုင်ငံစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန ဝန်ကြီးနှင့် အမေရိကန်ပြည်ထောင်စု FAO ဆိုင်ရာ ဒုတိယအမြဲတမ်းကိုယ်စားလှယ်တို့က ဆောင်ရွက်ကြသည်။

### ဆွေးနွေး

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား အီတလီသမ္မတနိုင်ငံ အခြေစိုက် FOCSIV-INGO အဖွဲ့မှ ဒါရိုက်တာ Mr. Alberto Zamberletti သည် ညနေ ၆နာရီခွဲတွင် ရောမမြို့Hotel Mediterraneo ၌ လာရောက်တွေ့ဆုံ၍ FOCSIV နှင့် ပူးပေါင်းဆောင်ရွက်နေသော မြန်မာနိုင်ငံ တောင်ကြီး၊ ကျိုင်းတုံနှင့် တာချီလိတ်ဒေသများရှိ စိုက်ပျိုးရေး ဖွံ့ဖြိုးမှုစီမံကိန်းဆိုင်ရာ ကိစ္စရပ်များ၊ ဘိုကလေးနှင့် လပွတ္တာတို့၌ ဆောင်ရွက်နေသော Shelter တည်ဆောက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

### အတည်ပြုချမှတ်

(၃၅)ကြိမ်မြောက် FAO အထူးညီလာခံကို နိုဝင်ဘာ ၁၉ရက်တွင် ဆက်လက်ကျင်းပရာ FAO ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေး၊ ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေး ကိစ္စရပ်များပါဝင်သော အစီရင်ခံစာကို ဖတ်ကြားပြီး FAO ၏ Conference Committee ဥက္ကဋ္ဌနှင့် FAO ကောင်စီဥက္ကဋ္ဌ Mr. Noori Naeimi က ၂၀၀၉ခုနှစ်မှ ၂၀၁၁ခုနှစ်အထိ ဆောင်ရွက်မည့် FAO အဖွဲ့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအစီအစဉ် အဆိုပြုချက် (Immediate Plan of Action for FAO Renewal)ကို ဖတ်ကြားတင်ပြရာ ညီလာခံမှ အတည်ပြုချမှတ်ကြသည်။

### မြေအောက်ရေ

ထို့နောက် မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ည ၇နာရီတွင် FAOဌာနချုပ်၌ FAO ညွှန်ကြားရေးမှူးချုပ်အား တွေ့ဆုံ၍ FAO အဖွဲ့မှ မုန်တိုင်းသင့်ဒေသများ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီပေးမှုများနှင့် မြန်မာနိုင်ငံအလယ်ပိုင်း ရေရှားသည့်ဒေသများ၌ စိုက်ပျိုးရေးအတွက်ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်မှုနှင့် မြေအောက်ရေ ထုတ်ယူအသုံးပြုမှု လုပ်ငန်းများတွင် အကူအညီပေးမှုများကို ဆွေးနွေးကြသည်။

ယင်းနောက် (၃၅)ကြိမ်မြောက် FAO အထူးညီလာခံကို နိုဝင်ဘာ ၂၀ရက် နံနက် ၉နာရီ ၄၅မိနစ်တွင် ဆက်လက်ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက မိန့်ခွန်းပြောကြားသည်။

### ဖွံ့ဖြိုးတိုးတက်ရေး

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် နံနက် ၁၀နာရီတွင် FAO ဌာနချုပ်၌ FAOဌာနချုပ် စီမံကိန်း အကူအညီပေးရေးဌာနခွဲ အကြီးအကဲ Dr. Roberto Samanez နှင့်တွေ့ဆုံ၍ အီးယူနိုင်ငံများမှ မြန်မာနိုင်ငံသို့ စားနပ်ရိက္ခာထုတ်လုပ်မှု တိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးမှုများကို ဆွေးနွေးပြီး ညနေ ၄နာရီတွင် ရောမမြို့ IFAD ဌာနချုပ်၌ IFAD အဖွဲ့ဒုတိယဥက္ကဋ္ဌ Mr. Kanay Nwanze နှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် နိုဝင်ဘာ ၂၁ရက် နံနက် ၉နာရီတွင် WFP ဌာနချုပ်၌ WFP အဖွဲ့ ဒုတိယအမှုဆောင် ဒါရိုက်တာ Mr. John Powell နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေး အသွင်ကူးပြောင်းမှုတို့ကို နိုင်ငံတော်၏ ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်ဖြင့် လျှောက်လှမ်းခဲ့

## နှစ်အနည်းငယ်အတွင်း စည်းကမ်းတကျဖွံ့ဖြိုးတိုးတက်မှုများ ရရှိတော့မည်

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ ကျင်းပသည့် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ စက်မှုဖွံ့ဖြိုးရေးညီလာခံသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၄

**ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ နိုဝင်ဘာ ၁၉ရက်နှင့် ၂၀ရက်တို့တွင် ကျင်းပသည့် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများ၏ စက်မှုဖွံ့ဖြိုးရေးညီလာခံသို့ တက်ရောက်ရန် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၈ရက်က ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့သို့ ရောက်ရှိပြီး ဆိုခအန်ကောဟိုတယ်၌ ကမ္ဘောဒီးယားနိုင်ငံ စက်မှုနှင့်စီးပွားရေးရာ ဝန်ကြီးဌာန ဝန်ကြီး မစ္စတာချမ်းပရာဒစ်ရှ်နှင့် အဖွဲ့ဝင်များနှင့် အလွတ်သဘော ဆွေးနွေးခဲ့ကြသည်။**

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ စက်မှုဖွံ့ဖြိုးရေးညီလာခံ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်တွင် ဆိုခအန်ကောဟိုတယ်၌ ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်က အဖွင့်မိန့်ခွန်း ပြောကြားသည်။

အဆိုပါ ဖွင့်ပွဲ အခမ်းအနားသို့ UNIDOမှ ညွှန်ကြားရေးမှူးချုပ်၊ WTO မှညွှန်ကြားရေးမှူးချုပ်၊ ဒေသဆိုင်ရာအကြီးအကဲများ၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့်အာဖရိက ဖွံ့ဖြိုးရေးဘဏ်တို့မှတာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ ၄၉နိုင်ငံအနက် ၄၃နိုင်ငံတို့မှ ဝန်ကြီးအဆင့်နှင့် ကိုယ်စားလှယ်များနှင့်အေဂျင်စီများ တက်ရောက်ခဲ့ကြသည်။

### ဆွေးနွေး

ထို့နောက် ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်သည် တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ကိုယ်စားလှယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး တွေ့ဆုံဆွေး နွေးသည်။

ဆက်လက်၍ ရဝမ်ဒါနိုင်ငံ ကီဂါလီမြို့တွင် ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာကို ဆွေးနွေးတင်ပြခဲ့ပြီး အလှူရှင် နိုင်ငံများက အာမခံရန်ပုံငွေအကြောင်းကို ဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးက အစုအဖွဲ့ အဖွဲ့ဝင်အဖြစ် ပါဝင်ဆွေးနွေးရာတွင် မြန်မာနိုင်ငံသည် စီးပွားရေး ပိတ်ဆို့မှုများကြောင့် ကုန်သွယ်မှုအကူအညီကန့်သတ်မှုခံခဲ့ရသဖြင့် ငွေကြေးစီးဆင်းမှု၊ ဆက်သွယ်မှု ပမာဏ လျော့ကျခဲ့ရကြောင်း၊ ယနေ့ဖြစ်ပေါ်နေသည့် ငွေကြေးအကျပ်အတည်းတွင် ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနိုင်ငံများကဲ့သို့ ကြီးမားသောရိုက်ခတ်မှုများ တွေ့ကြုံခံစားရခြင်း မရှိပါကြောင်း၊ ယခုဆွေးနွေးခဲ့ကြသော အဖွဲ့အစည်း အသီးသီး၊ နိုင်ငံအသီးသီးတို့မှ ဆွေးနွေးချက်များသည် ကောင်းမွန်ပါကြောင်း၊ သို့ပါ၍ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေးအသွင်ကူးပြောင်းမှုတို့ကို နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် လျှောက်လှမ်းခဲ့ရာ လာမည့်နှစ်အနည်းငယ်အတွင်း စည်းကမ်းတကျ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိတော့မည်ဖြစ်ကြောင်း၊ သို့ပါ၍ ယခုကပင် အပြုသဘောဆောင်သည့် အကောင်းမြင်ဖြင့် ရှုမြင်သုံးသပ်စေလိုပါကြောင်း၊ သို့ဆိုလျှင် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံချင်းစီက ကုန်သွယ်မှု အခွင့်အလမ်းနှင့် အထောက်အကူပေးမှုများသည် အခွန်ကင်းလွတ်ခွင့်နှင့် အရေအတွက် ကန့်သတ်မှု ကင်းလွတ်ခွင့် (Duty Free, Quota Free) တို့ကို ထိရောက်သော အကျိုးဖြစ်စေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေး ကဏ္ဍ ထူထောင်မှုသည် အခြားနိုင်ငံများ နည်းတူ မြန်မာနိုင်ငံ၏ အခြေခံဦးတည်ချက်ပင် ဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့သည်။

### ညစာစားပွဲ

ညပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ အစိုးရက တည်ခင်းသော ညစာစားပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါညီလာခံကို နိုဝင်ဘာ ၂၀ရက်တွင် ဆက်လက်ကျင်းပရာ AFT/ EIF ဘဏ္ဍာရေးအလှူရှင်များ၊ WTO, OECD, EC, DFID နှင့် SIDA စသည့် အဖွဲ့အစည်းများ၊ ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက အစုအဖွဲ့ဖွဲ့၍ အလွတ်သဘော ဆွေးနွေးကြသည်။

ထို့နောက် ဒေသဆိုင်ရာ ဦးဆောင်သူများနှင့် ဒေသဆိုင်ရာ ဘဏ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အာဖရိက ဖွံ့ဖြိုးရေးဘဏ်နှင့် ဒေသဆိုင်ရာ ကော်မရှင်များဖြစ်သည့် UNECA, ESCAP တို့က ဆွေးနွေးတင်ပြကြသည်။

### တစ်ကမ္ဘာလုံးပျံ့နှံ့

အဆိုပါညီလာခံတွင် အဖွဲ့ဝင်အသီးသီး၏ ဆွေးနွေးမှုများမှာ အမေရိကကို ဗဟိုပြုသော စီးပွားရေး ကပ်ရောဂါသည် ယခုအခါ တစ်ကမ္ဘာလုံး ပျံ့နှံ့လျက်ရှိပါကြောင်းနှင့် ယင်းရောဂါကို ကုစားရန် အချိန်ကာလတစ်ခုအထိ ရောက်ရှိမည်ဖြစ်ကြောင်း၊ ယင်းကာလကို ကြံ့ကြံ့ခံ ကျော်ဖြတ်ရမည်ဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများသို့ ထောက်ပံ့မှု ပိုမိုပေးကမ်းရန်နှင့် စီးပွားရေးဈေးကွက် ဖွင့်ပေးရန်လိုကြောင်း၊ ငွေကြေးအကျပ်အတည်းကြောင့် ဈေးကွက်တည်ဆောက်မှု ပျက်ပြားခြင်းကို ပြန်လည် ထိန်းချုပ်ပေးရန်လိုကြောင်း၊ တီရစ္ဆာန်ကပ်ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးများ ကူညီရန်နှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့်တိုင်းပြည်တစ်ခုချင်း ဖြေရှင်းရမည်ဖြစ်သော်လည်း ထောက်ပံ့ကူညီပေးရန်လိုကြောင်း၊ ကုန်သွယ်မှုအကူအညီ (AFT) ကို နားလည်သဘောပေါက်သော်လည်း ပူးပေါင်းမှုဘောင်တိုးချဲ့ရေး (EIF) ကို ကူညီပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍ တိုးမြှင့်နိုင်ရေးကို နိုင်ငံအစိုးရများက ပံ့ပိုးပေးရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးပြီးနှင့်ဖွံ့ဖြိုးဆဲ နိုင်ငံများသို့ သင်တန်းများ စေလွှတ်ခြင်း၊ လုပ်ငန်းခွင် လေ့ကျင့်မှုပေးခြင်းများ ဆောင်ရွက်ရန် လိုကြောင်း စသည်ဖြင့် အသီးသီး ဆွေးနွေးခဲ့ကြသည်။

### စီစဉ်ပေးသင့်

အစုအဖွဲ့ဆွေးနွေးပွဲများတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ယမန်နှစ်က လယ်ယာကဏ္ဍထုတ်လုပ်မှုတွင် ပြည်တွင်းလိုအပ်ချက်၏ ၁၄၆ရာခိုင်နှုန်းခန့် ထုတ်လုပ်ခဲ့ကြောင်း၊ ယခုနှစ် ထုတ်လုပ်မှုမှာ ရာခိုင်နှုန်း ၁၅၀အထက် ဖြစ်ပါကြောင်း၊ ကမ္ဘာ့ငွေကြေးပြဿနာကြောင့် ပို့ကုန်များ အခြားနိုင်ငံများနည်းတူ ကျဆင်းခဲ့ပါကြောင်း၊ သို့ရာတွင် လိုအပ်နေသည့်နိုင်ငံများရှိရာ ADB သို့မဟုတ် အခြားအေဂျင်စီများနှင့် ညှိနှိုင်း၍ လိုအပ်ချက်နှင့် ထုတ်လုပ်မှု ကွာဟချက်ကို လျော့ပါးစေရန် စီစဉ်ပေးသင့်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးခဲ့သည်။

ယင်းနောက် ဆီရမ်ရိကြေညာစာတမ်းကို အတည်ပြုပြီး ညီလာခံကို မွန်းလွဲပိုင်းတွင် ပိတ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် UNIDO နှင့် WTO တို့က သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့သည်။ ညနေပိုင်းတွင် UNIDO က တည်ခင်းသော ညစာစားပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၌ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ နည်းပြသင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်ထဲရေးဝန်ကြီးဌာန လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် United Nations Inter-Agency Project(UNIAP)တို့ ပူးပေါင်းကျင်းပသော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ခန်းမ၌ ကျင်းပသည်။

## တက်ရောက်

ဖွင့်ပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ငွေး၊ ဌာနကြီးမှူးများနှင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အတွင်းရေးမှူးအဖွဲ့နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ကြင်မြိုင်နှင့် အဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် INGO များမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားသည်။

## အမှာစကားပြောကြား

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ရဲမှူးကြီးစစ်အေးက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ အမျိုးသမီးရေးရာအဖွဲ့ဝင် ၃၆ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

# ဇီးကုန်း(အထက) နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၄

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ဇီးကုန်းအထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ကျောင်းသားဟောင်းများက အာစရိယပူဇော်ပွဲနှင့် အထက်တန်းကျောင်း တည်ထောင်ခြင်း နှစ်(၅၀)ပြည့် ရွှေရတုသဘင်ပွဲကို ဒီဇင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ဆရာကြီး၊ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများသည် အဆိုပါပွဲသို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ရန်ကုန်မြို့တွင် ဦးမြင့်ဝင်း ဖုန်း-၀၁-၇၂၂၈၅၁၊ ဦးစိန်ဝင်း ဖုန်း-၀၁-၂၅၆၆၅၆၊ ဦးစိန်မြင့် ဖုန်း-၀၁-၆၄၂၇၄၅၊ ဦးအောင်မြင့်သိန်း ဖုန်း-၀၉-၅၀-၀၇၆၀၄၊ ဦးစန်းမြင့်မောင် ဖုန်း-၀၁-၃၈၉၉၃၈ တို့သို့လည်းကောင်း၊ မန္တလေးမြို့တွင် ဦးခင်မောင်စိန် ဖုန်း-၀၂-၆၃၁၂၄ နှင့် ဒေါက်တာဝင်းဆွေ ဖုန်း-၀၉-၆၈-၀၀၆၈၇ တို့သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အဝေးသို့ရောက်ရှိနေသော ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအနေဖြင့်လည်း ကျင်းပရေးကော်မတီသို့ ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၄

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)က ၂၀၀၈ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခရမ်းမြို့နယ်အတွင်းနှင့် ရန်ကုန်ရောက် ခရမ်းသူ ခရမ်းသားများ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ ဂုဏ်ထူးတစ်ဘာသာနှင့် အထက်ရရှိကြသည့် ကျောင်းသား ကျောင်းသူများသည် ဂုဏ်ထူးရ ဘာသာများကိုဖော်ပြ၍ ဒီဇင်ဘာ ၁၅ရက် နောက်ဆုံးထား၍ တိုက်အမှတ် ၁၄ အောဘီ အခန်း ၀၀၁ ရန်ကြီးအောင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ်ရှိ ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ဖုန်း-၀၁-၅၄၉၃၃၉ သို့ ဆက်သွယ်သတင်းပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်း မြို့မဈေးသစ်ကြီး ဖွင့်ပွဲဆိုင်းဘုတ်နှင့် ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်တို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

# ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၄

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၄၃)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ မိတ္ထီလာကန်၏ အလှကျက်သရေတိုးစေမည့် ကရဝိက်ဖောင်တော် တည်ဆောက်နေ၊ ဂျပန်၊ မလေးရှား ပညာရှင်တို့နှင့် ပူးပေါင်း၍ အရည်အသွေးမြင့်ဂျစ်ကားများ ထုတ်လုပ်သွားမည်၊ ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေထက် မြိတ်ကျွန်းစုကို ကမ္ဘာလှည့်များ ပိုမိုနှစ်သက်၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယသို့ ပဲမျိုးစုံတန်ချိန် တစ်သန်းရောင်းချမည်၊ တက္ကသိုလ်ဝင်တန်း၌ အမှတ် ၃၀၀နှင့်အထက် ရရှိသူများ အမေရိကန်ပညာသင်ဆု လျှောက်ထားနိုင်၊ အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းတွင် အဆင့်မြင့်ဧည့်ရိပ်သာကြီးတည်ဆောက်နေ၊ လေလံအောင် မော်တော်ယာဉ် ၄၉စီးကို ကျပ်သိန်း ၂၀၀ ဝန်းကျင်ဖြင့် ပြန်လည်ရောင်းချပေးရာ ၁၆ စီးသာကျန်ရှိ၊ ပြန်ပေးဆွဲခံထားရသော ဒေါ်လာသန်း ၁၀၀ တန်ဖိုးရှိ ရေနံစည်နှစ်သန်းကျော် တင်ဆောင်ထားသည့် ဧရာမရေနံတင်သင်္ဘောကြီး၏ နောက်ဆုံးအခြေအနေ၊ အိုဘားမားက ဂွန်တာနာမိုအကျဉ်းထောင်ကြီး ပိတ်ပစ်မည်ဟုဆို၊ မိုက်ကယ်ဂျက်ဆင်ကို ဘာရိန်းတော်ဝင်မင်းသားက တရားစွဲဆို၊ စင်ကာပူတိရစ္ဆာန်ရုံ၌ ကျားဖြူသုံးကောင်က လူတစ်ဦးအား ကိုက်သတ်ခဲ့၊ သဘာဝအလျောက် HIV ပိုးကို ခံနိုင်ရည်ရှိသူထံမှ ပင်မဆဲလ်များသုံးပြီး AIDS လူနာတစ်ဦးအား အောင်မြင်စွာ ကုသပေးနိုင်ခဲ့၊ ဦးနှောက်အကျိတ်ရှိသည်ထင်၍ ခွဲစိတ်ခဲ့သော ဆရာဝန်များ လောက်တစ်ကောင်ကိုသာတွေ့ရှိကြရ၊ လူနာကိုယ်တိုင်၏ ပင်မဆဲလ်ကိုသုံး၍ ဓာတ်ခွဲခန်း၌ လိုအပ်သည့် ကိုယ်တွင်းအင်္ဂါဖန်တီးပြီး အစားထိုးကုသမှု အောင်မြင်ခဲ့၊ ဟီလာရီကလင်တန် နိုင်ငံခြားရေးဝန်ကြီးတာဝန်ကို လက်ခံလိုက်ပြီ၊ အာကာသ နာရေးကုမ္ပဏီက လပေါ်၌ သုသာန်ထားမည်၊ နော်ဝေနိုင်ငံမြို့တော်ရှိ ရဲဌာနချုပ် ဖောက်ထွင်းခိုးယူခြင်းခံရ၊ ဘာမင်ဂမ်မြို့အထက်တွင် ရဟတ်ယာဉ်တစ်စင်းနှင့် ပန်းကန်ပြားပျံ တိုက်မိလုနီးပါးဖြစ်ခဲ့၊ ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များပါဝင်သော အာသောကမင်းကြီး၏ ရတနာခုနစ်ပါးသေတ္တာ ရှာဖွေတွေ့ရှိနှင့် မယ်ကမ္ဘာပြိုင်ပွဲတွင် ယူကရိန်းမယ် သရဖူဆွတ်ခူး…စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို မေတ္တာလက်ဆောင် အချပ်ပို စာမျက်နှာများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သဘာဝဘေး ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှု ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၄

သဘာဝဘေး ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှု ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်က သဘာဝဘေး ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုများနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်ငြိမ်း**(အောက်ပုံ)** နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူတို့က သဘာဝဘေးကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုတို့အား ကဏ္ဍအလိုက် ဆင့်ပွားပို့ချကြသည်။ အဆိုပါအခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် စာရေးများ၊ သင်တန်းသူ သင်တန်းသား ၈၆ဦးတို့ တက်ရောက်ကြသည်။

(၁၂၁)

# ခေတ်မီခိုင်ခံ့ ခံ့ညားလှပသော ကွမ်းခြံကုန်းမြို့ မြို့မဈေးသစ်ကြီးဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၄

**ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ မြို့မဈေးသစ်ကြီးဖွင့်ပွဲကို နိုဝင်ဘာ၂၃ရက် နံနက်၉နာရီက အဆိုပါမြို့မဈေးသစ်ကြီးရှေ့၌ကျင်းပရာ ရှေးဦးစွာ မြို့မဈေးကြီး ပြန်လည်ပြုပြင် ဆောက်လုပ်လှူဒါန်းခဲ့သော အေးရှားဝေါလ်ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းမြင့်နိုင်က မြို့မဈေးကြီးပြန်လည်ပြုပြင်ဆောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့မဈေးကြီး ဈေးသူဈေးသားများ ကိုယ်စား ဈေးမိဈေးဖဖြစ်သူ ဦးစံရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။**

## လွှဲပြောင်းပေးအပ်

ထို့နောက်မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က ဆောက်လုပ်လှူဒါန်းပြီးသော မြို့မဈေးကြီးနှင့် ပတ်သက်သည့် စာရွက်စာတမ်း အချက်အလက်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်းနှင့် အေးရှားဝေါလ်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်တို့က ဈေးဖွင့်ပွဲအထိမ်းအမှတ် အလံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

## ဖွင့်လှစ်

ဆက်လက်၍ ကွမ်းခြံကုန်းမြို့နယ် နယ်မြေတာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မြို့မဈေးသစ်ကြီး ဖွင့်ပွဲဆိုင်းဘုတ်နှင့် ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်တို့ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဈေးကြီးအတွင်း ဆိုင်ခန်းများ အသစ်ပြန်လည် ဖွင့်လှစ်ရောင်းချနေမှု၊ ဈေးကြီးအပြင်ဘက် ကမ်းနားလမ်းတစ်လျှောက် ဆိုင်ခန်းအသစ်များဖြင့် ဖွင့်လှစ်ရောင်းချနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

၂၀၀၈ခုနှစ် မေလက တိုက်ခတ်ခဲ့သော မုန်တိုင်းဒဏ်ကြောင့် ကွမ်းခြံကုန်းမြို့နယ်အတွင်း လူနေအဆောက်အအုံများ၊ အစိုးရအဆောက်အအုံများ၊ ဆေးရုံ၊ စာသင်ကျောင်း စသည်တို့ ပြိုကျပျက်စီးခဲ့ရာ၌ ကွမ်းခြံကုန်း မြို့မဈေးကြီးလည်း ပါဝင်သည်။

## ပုံမှန် ရောင်းဝယ်

ကွမ်းခြံကုန်း မြို့မဈေးကြီးကို ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဦးဆောင်ဦးရွက် ကမကထပြုလုပ်၍ အလှူရှင် အေးရှားဝေါလ်ကုမ္ပဏီက အသစ်ပြန်လည် လှူဒါန်းဆောက်လုပ်ခဲ့မှုကြောင့် မုန်တိုင်းမတိုက်ခတ်မီအခြေအနေထက် များစွာသာလွန်ပြီး ခေတ်မီခိုင်ခံ့ ခံ့ညားလှပသပ်ရပ်သော မြို့မဈေးသစ်ကြီးကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ရာ ပုံမှန်ရောင်းဝယ် ဖောက်ကားနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

✳ *ကျောဖုံးမှ*

လယ်ယာထွက်ကုန်များဖြစ်သော စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါတို့ကို ကုန်ချောဖြစ်အောင်ဆောင်ရွက်သည့် စက်ရုံကြီးများလည်ပတ်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား လိုအပ်လျက်ရှိသကဲ့သို့ စိုက်ပျိုးရေ ရရှိရေးအတွက် ဆောင်ရွက်ရသည့် မြစ်ရေတင်စီမံကိန်း၊ ဆက်သွယ်ရေးအတွက်အိတ်ချိန်းများ၊ ကွန်ပျူတာ ဆာဗာများ၊ လေဆိပ်နှင့်ဟိုတယ်ကြီးများ၊ စက်ကျူစက်နှင့် သံရည်ကျိုစက်များ၊ လူတို့၏ ကျန်းမာရေးအတွက် စမ်းသပ်ရေးနှင့် ကုသရေးတို့အတွက် အသုံးပြုရသည့် ခေတ်မီ အီလက်ထရွန်နစ်စက်ကြီးများ စသည်တို့အတွက် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ် အရေးပါလှသည်။

ရေအား လျှပ်စစ်ဓာတ်အားပေး စက်ရုံများမှ စီးဆင်းလာမည့် ဓာတ်အားများကို မြန်မာပြည်အောက်ပိုင်းသို့ စီးဆင်းနိုင်ရေးအတွက် လျှပ်စစ်လုပ်သားကြီးများက တောတောင်များကိုဖြတ်၍ မဟာဓာတ်အားလိုင်းများ ဤသို့ တည်ဆောက်နေကြသည်။ (မြန်မာ့အလင်း)

## တည်ဆောက်

ထို့ကြောင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရေအားနှင့် ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများမှထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားများကို ဓာတ်အားသုံးစွဲသူ ပြည်သူများနေထိုင်ရာ မြို့ရွာများနှင့် စက်ရုံကြီးများထံအရောက် ပို့ဆောင်နိုင်ရေးအတွက် မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံကြီးများကို တည်ဆောက်လျက်ရှိသည်။

၁၉၈၈ခုနှစ်မတိုင်မီက မြန်မာနိုင်ငံတွင်၂၃၀ ကေဗွီမဟာဓာတ်အားလိုင်း ခုနစ်လိုင်း၊ ၁၃၂ကေဗွီမဟာဓာတ်အားလိုင်း ၁၂လိုင်းနှင့် ၆၆ကေဗွီဓာတ်အားလိုင်း ၂၃လိုင်း စုစုပေါင်း ဓာတ်အားလိုင်း ၄၂လိုင်းနှင့် ဓာတ်အားခွဲရုံပေါင်း ၄၃ရုံမျှသာ ရှိခဲ့သည်။

## တိုးတက်လာ

၁၉၈၈ခုနှစ်နောက်ပိုင်း ၂၀၀၈ခုနှစ် မတ်လအထိ ၂၃၀ကေဗွီဓာတ်အားလိုင်း ၁၈လိုင်း၊ ၁၂၃ကေဗွီ မဟာဓာတ်အားလိုင်း ၂၄လိုင်းနှင့် ၆၆ကေဗွီ ဓာတ်အားလိုင်း ၈၄လိုင်းအထိ ရှိလာပြီးဖြစ်သဖြင့် စုစုပေါင်း မဟာဓာတ်အားလိုင်း ၁၂၆လိုင်း၊ မိုင်ပေါင်း ၃၅၁၃ ဒသမ ၂၁မိုင်ရှိပြီး ဓာတ်အားခွဲရုံပေါင်း ၁၁၃ရုံအထိ ဖြစ်တည်လာခဲ့သဖြင့် ဓာတ်အားလိုင်းကဏ္ဍတွင် မိုင်ပေါင်း ၁၀၂လိုင်း၊ မိုင်ပေါင်း ၁၇၅၅ဒသမ ၁၉မိုင်နှင့် ဓာတ်အားခွဲရုံပေါင်း ၇၉ရုံအထိ တိုးတက်တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း သတင်းအဖွဲ့မှ စာရေးသူသည် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများကို တိုးချဲ့ဆောက်လုပ်လျက်ရှိသည့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(တောင်ပိုင်း)သို့သွားရောက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ၎င်းတို့၏ ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို လေ့လာစေ့ငု မေးမြန်းခဲ့ပါသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်း ညွှန်ကြားရေးမှူး၏လက်အောက်တွင် စီမံကိန်းမန်နေဂျာ တစ်ရုံးကို ရန်ကုန်၌ လည်းကောင်း၊ စီမံကိန်းနှစ်ရုံးကို တောင်ငူ၌ လည်းကောင်း၊ မန်နေဂျာရုံး သုံးရုံးကို ပြည်မြို့၌ လည်းကောင်းထားရှိပြီး အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့၏ ညွှန်ပြမှုကိုခံယူလျက် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများကို တည်ဆောက်လျက်ရှိရာ မဟာဓာတ်အားလိုင်း ကဏ္ဍတွင်-

| | | |
|---|---|---|
| ပဲခူး-သထုံ | - ၂၃၀ကေဗွီမဟာဓာတ်လိုင်း | ၈၃မိုင် |
| မြောင်းတကာ | - လှိုင်သာယာ ၂၃၀ကေဗွီမဟာဓာတ်အားလိုင်း | ၂၂မိုင် |
| လှိုင်သာယာ | - ဘုရင့်နောင် ၂၃၀ကေဗွီမဟာဓာတ်အားလိုင်း | ၇မိုင် |
| လှိုင်သာယာ | - အသုတ် ၂၃၀ကေဗွီမဟာဓာတ်အားလိုင်း | ၇၂မိုင် |
| သဲဖြူခွဲရုံ အဝင်-အထွက်လိုင်း | | ၂ဒသမ၅မိုင် |
| သာယာကုန်းခွဲရုံ အဝင်-အထွက်လိုင်း | | ၂သမ၂၆မိုင် |
| ကမာနတ်(ပဲခူး)မြောင်းတကာ-၂၃၀ကေဗွီမဟာဓာတ်အားလိုင်း | | မိုင်၄၀ |
| နေပြည်တော်ပျဉ်းမနား-တောင်တွင်းကြီး-၂၃၀ကေဗွီ မဟာဓာတ်အားလိုင်း | | မိုင်၆၀ |
| ခပေါင်း-တောင်ငူ-၃၃ကေဗွီမဟာဓာတ်အားလိုင်း | | ၁၄မိုင် |
| ရဲနွယ်-သာယာကုန်း- ၃၃ကေဗွီမဟာဓာတ်အားလိုင်း | | ၁၇မိုင် |

စသည်ဖြင့် ဓာတ်အားလိုင်း ၁၀လိုင်း၊ လိုင်းမိုင် (၃၉၀ဒသမ ၃၁မိုင်)တို့ကို တည်ဆောက်ခဲ့ပြီး ပင်မဓာတ်အားခွဲစက်ရုံ၊ သာယာကုန်း ၂၃၀/၃၃/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေဓာတ်အားခွဲရုံ၊ သာယာကုန်း ၂၃၀/၃၃/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေဓာတ်အားခွဲရုံ၊ အသုတ် ၂၃၀/၆၆/၁၁ ကေဗွီ-၁၀၀ အမ်ဗွီအေဓာတ်အားခွဲရုံ၊ ကမာနတ်ဓာတ်အားခွဲရုံ 230 KV SWITCH BAY(1) BAY တိုးချဲ့လုပ်ငန်းနှင့် မြောင်းတကာဓာတ်အားခွဲရုံ 230 KV SWITCHE BAY (4)BAYS နှင့် ထရန်စဖော်မာ တိုးချဲ့ရေးလုပ်ငန်းတို့ အပါအဝင် ပင်မဓာတ်အားခွဲရုံကြီး ခုနစ်ရုံတို့ကို တည်ဆောက်ပြီး ဓာတ်အားပို့လွှတ်ခြင်း လက်ခံဖြန့်ဖြူးခြင်းလုပ်ငန်းတို့ ဆောင်ရွက်လျက်ရှိနေသည့်မဟာဓာတ်အားလိုင်း ဆောက်ဆဲလုပ်ငန်းများတွင် ၂၃၀ကေဗွီ သာကေတ-သန်လျင် (၇ဒသမ ၃၄မိုင်)၊၂၃၀ကေဗွီ ကမာနတ်(ပဲခူး) သန်လျင် မဟာဓာတ်အားလိုင်း(၆၁ဒသမ ၃မိုင်)၊ ၁၃၂ကေဗွီ နမ့်စန်-ကေဗွီဓာတ်အားလိုင်း မိုင်၆၀ တို့ကို တည်ဆောက်လျက်ရှိသည်။ အဆိုပါစီမံကိန်းလုပ်ငန်းများသို့ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း)နှင့်အတူ ရွှေနေခြည်၊ ဒဂုံအင်တာနေရှင်နယ်၊ စေပိုင် V.PILE နှင့် MEPE နောင်တုံ၊ ဦးကြည်သိန်း DEL Co., Ltd. တို့ ပါဝင်ဆောင်ရွက်လျက်ရှိပြီး ဓာတ်အားခွဲရုံတို့ကို တိုးချဲ့ခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများကို သန်လျင်၊ နေပြည်တော်၊ ရွှေမြို့၊ တောင်ငူ၊ သာယာကုန်း၊ ဥသျှစ်ပင်၊ ရွှေတောင်တို့တွင်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်အကောင်အထည်ဖော် တည်ဆောက်မည့် စီမံကိန်းလုပ်ငန်းများမှာ-

| | | |
|---|---|---|
| ၁။ | ရွှေကျင်ရေအားလျှပ်စစ်စက်ရုံမှ သာယာကုန်း ၂၃၀ကေဗွီမဟာဓာတ်အားလိုင်း | ၂၅မိုင် |
| ၂။ | တောင်ငူ-ရွှေတောင် ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်း | ၁၀၀မိုင် |
| ၃။ | နန်ချို-ရွှေမြို့ ၂၃၀ကေဗွီမဟာဓာတ်အားလိုင်း | ၂၈မိုင် |
| ၄။ | နေပြည်တော်-ရွှေမြို့ ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်း | ၃၀မိုင် |
| ၅။ | မိတ္ထီလာ-တောင်တွင်းကြီး ၂၃၀ကေဗွီမဟာဓာတ်အားလိုင်း | ၉၆မိုင် |
| ၆။ | ဖြူးရေအားလျှပ်စစ်စက်ရုံမှ တောင်ငူ-ကမာနတ် ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်းသို့ဆက်သွယ်ခြင်း | ၇မိုင် |
| ၇။ | ကွန်းရေအားလျှပ်စစ်စက်ရုံမှ တောင်ငူ-ကမာနတ် ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်းသို့ဆက်သွယ်ခြင်း | ၅မိုင် |
| ၈။ | မိတ္ထီလာ-နေပြည်တော်-တောင်ငူ ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်း | ၁၆၀မိုင် |
| ၉။ | သူငွေးချောင်းရေအားလျှပ်စစ်စက်ရုံ ဥသျှစ်ပင် ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်း | ၅၀မိုင် |
| ၁၀။ | သူငွေးချောင်းရေအားလျှပ်စစ်စက်ရုံ မအီ-အမ်း ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်း | ၁၃၀မိုင် |
| ၁၁။ | အမ်း-ကျောက်တော်၂၃၀ကေဗွီ မဟာဓာတ်အားလိုင်း | ၁၂၀မိုင် |
| | | ၇၅၁မိုင်ခန့် |

လိုင်းမိုင်ခန့်မှန်း ၇၅၁မိုင်တို့ဖြစ်သည်ဟုသိရသည်။

သတင်းအဖွဲ့သည် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများ တည်ဆောက်ရေးလုပ်ငန်းများကို စေ့ငုလေ့လာခဲ့ပြီးနောက် ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(တောင်ပိုင်း)မှ ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်အား တွေ့ဆုံမေးမြန်းခဲ့ရာ ဦးသိန်းလှိုင်က "မြန်မာနိုင်ငံတွင် ဓာတ်အားများထုတ်လုပ်သည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများမှာ နိုင်ငံ၏မြောက်ပိုင်းတွင် အများအပြားရှိကြောင်း၊ ရဲရွာရေအားလျှပ်စစ်စက်ရုံဆိုလျှင် မန္တလေး၌ရှိပြီး ရွှေလီရေအားလျှပ်စစ်စက်ရုံကို ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင်ရှိကြောင်း၊ မြောက်ပိုင်းမှ လျှပ်စစ်ဓာတ်အားများ စီးဆင်းလာမှုကို ပြန်ကြည့်လျှင် သာစည်မှ တောင်ငူအထိ ၂၃၀ကေဗွီ ဓာတ်အားလိုင်းတစ်လိုင်း၊ တောင်ငူမှ ပဲခူး လှော်ကားအထိ ၂၃၀ကေဗွီလိုင်း တစ်လိုင်း၊ ချောက်-ရန်ကုန် စီမံကိန်းနှင့် ဆွဲထားသည့် ချောက်-မကွေး၊ မကွေးမှ တောင်တွင်းကြီး၊ တောင်တွင်းကြီးမှ ရွှေတောင်၊ ရွှေတောင်မှ လှော်ကား စသည်ဖြင့် ဓာတ်အားလိုင်းများ ဆွဲထားသော်လည်း ရိုးမ၏အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတို့မှ ၂၃၀ကေဗွီ လျှပ်စစ်ဓာတ်အားများကို နိုင်ရုံသာရှိကြောင်း၊ နောက်ထပ်တိုးပွားလာမည့် ရေအားလျှပ်စစ်ဓာတ်အားများ မြန်မာပြည်အောက်ပိုင်းကို ရောက်ရှိရန်အတွက် ဓာတ်အားလိုင်းကြီးများ လိုအပ်နေသေးကြောင်း။

မဟာဓာတ်အားလိုင်းများကို ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း) မှ လုပ်သားကြီးများက ဤသို့ စွမ်းစွမ်းတမံ သွယ်တန်းနေကြသည်ကို တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ထို့ကြောင့် ဥပမာ ရဲရွာရေအားလျှပ်စစ်စက်ရုံ မန္တလေးမှ ရန်ကုန်အထိ ၂၃၀ကေဗွီဓာတ်အားလိုင်းကြီးတွေ လိုအပ်သကဲ့သို့ ၅၀၀ကေဗွီ ဓာတ်အားလိုင်းကြီးတွေ လိုသေးကြောင်း၊ ၅၀၀ကေဗွီလိုင်းကြီးကို ကိုရီးယားနိုင်ငံ အကူအညီဖြင့် ဆွဲဖို့ရှိကြောင်း၊ သို့သော် ထိုလိုင်းကြီးများ မဆွဲဖြစ်မီတွင် ၂၃၀ကေဗွီလိုင်းကို မိတ္ထီလာမှ ရန်ကုန်အထိ တည်ဆောက်ဆက်သွယ်ရန် စီစဉ်လျက်ရှိကြောင်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း)အနေဖြင့် တောင်ငူ-သစ်ငုတ်ပင်ခွဲရုံမှ ရန်ကုန်အထိ ၂၃၀ကေဗွီ လိုင်းကြီးတည်ဆောက်နေပါကြောင်း"ဖြင့် ရှင်းလင်းပြောကြားခဲ့ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

# ပြည်ခိုင်ဖြိုးစေ အားသစ်ဝေ

| | |
|---|---|
| ပြည်လုံးညီညာ | အောင်ကြောင်းဖြာဖို့ |
| မြန်မာတို့တွေ | အောင်ဆုဝေကာ |
| အောင်စေအပေါင်း | အောင်ခညောင်းပြီ |
| အောင်ကြောင်းသက်သေ | မြန်မာ့မြေမှာ |
| အောင်မွေပေးဆက် | ကမ်းဆင့်တက်သော် |
| အောင်လက်များတွေ | ခိုင်မာစေ။ |
| ခိုင်မာစိတ်ဓာတ် | လွန်မြင့်မြတ်လျက် |
| မတ်မတ်ပိုင်ပိုင် | အားသစ်နိုင်စေ |
| ကြိုင်ဝေထွင့်ထူး | အောင်လံမြူးသို့ |
| မိုးဦးတိမ်ယံ | လွင့်လွင့်ပျံသည် |
| သာယာကြည်နူး | ပြည်တော်ဦးမှာ |
| ဖူးညွန့်ခက်တွေ | ဝေဆာနေ။ |
| ဖြိုးဂုဏ်တက်လျှံ | ပြည့်အားမာန်မို့ |
| နိုင်ငံအလုံး | တူညီပြုံးလျက် |
| လက်ရုံးခိုင်မာ | စိတ်ဓာတ်သာ၍ |
| "စည်းကမ်း"ပြည့်သော် | ချမ်းမြေ့ကြွခိုင် |
| ဒို့ရွှေနိုင်ငံ | "စည်းလုံး"ပိုင်သည် |
| ပန်းတိုင်တံခွန် | မြန်မာပြည်။ |
| လန်းကြိုင်အမွှန် | ကမ္ဘာ့အတည်။ ။ |

နေမင်းကိုကို(ရွှေ)

# ဟင်္သာတ အထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၄

ဟင်္သာတ အထက(၁)တွင် ပညာသင်ကြားပေးခဲ့ကြသည့် အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများအား (၃၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၇ ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဟင်္သာတမြို့ အထက(၁) ဟင်္သာခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ အပူဇော်ခံဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးသိန်းဖေ ဖုန်း-၀၄၄-၂၁၂၉၃၊ ဦးမောင်မောင်အေး ဖုန်း-၀၄၄-၂၁၁၆၄၊ ဦးမောင်မောင် ဖုန်း-၀၄၄-၂၁၅၃၂၊ ဦးဌေးအောင် ဖုန်း-၅၂၇၇၁၀၊ ဦးခိုင်ထွန်းအောင် ဖုန်း- ၅၅၂၆၆၂၊ ဒေါက်တာအောင်ဝင်းမောင် ဖုန်း-၀၉-၅၀-၀၅၃၃၇နှင့် ဦးစိုးမြင့် (သီဟအလူမီနီယံ) ဖုန်း-၅၄၀၁၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရန်ကုန်မြို့မှလိုက်ပါကြမည့်သူများအတွက် မော်တော်ယာဉ်များ အခမဲ့ စီစဉ်ထားရာ ဒီဇင်ဘာ ၆ရက် (စနေနေ့) နံနက်၆နာရီခွဲတွင် ဟင်္သာတ အသင်းတိုက် အမှတ်၁၈၄၊ ၁၈၆၊ ၄၅-လမ်း(အထက်)မှ ထွက်ခွာမည်ဖြစ်၍ ဦးခိုင်ထွန်းအောင် ဖုန်း-၅၅၂၆၆၂ သို့ ကြိုတင်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၂၅-၁၁-၂၀၀၈ ရက်**
**(အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အတီးပြိုင်ပွဲ
- ၇:၅၅ ၅။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၁၅ ၆။ **အသက်ကလေးရယ်တဲ့ ရှည်စေလို** ဦးအောင်လွင်၊ ကြည်စိုး၊ မေထွဋ်ခေါင်၊ ၄က်ပျောကြော်၊ ထင်ပေါ်၊ မျိုးမျိုးခိုင်၊ ဒေါ်ခင်ခင်ကြီး (ဒါရိုက်တာ-ကြည်စိုး)
- ၈:၃၀ ၇။ International News
- ၈:၄၀ ၈။ အကပြိုင်ပွဲ
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ နားဝင်ပီယံသူ့လက်သံ
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (မြန်မာမှုပညာ အထူးပြု) (မြန်မာမှုပညာ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၀ ၆။ **သတင်းကောင်း** သျှားညို၊ ဆုပန်ထွာ၊ ပွင့် (ဒါရိုက်တာ-ညိုမင်းလွင်)
- ၅:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၅:၂၀ ၈။ **ယုံကြည်အားထား စက်မှု(၁) ဆပ်ပြာများ**
- ၅:၃၀ ၉။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၅:၄၀ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၅၅ ၁၄။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရူပါမင်းနှင့်မာနရှင်** (အပိုင်း-၁၀)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နှလုံးသားပိုင်ရှင်** (အပိုင်း-၄)
- ၂၀။ အစီအစဉ်ပြီး၏။

သင့်သွေးဖြင့် အသက်ကယ်ပါ

25-11 (08).pmd 1 11/25/2008, 1:54 AM

■ **ကျောဖုံးမှ**

မြန်မာ့အလင်းသတင်းအဖွဲ့သည် တနင်္သာရီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများအကြောင်း သတင်းဆောင်းပါးများ ရေးသားတင်ပြနိုင်ရန် ကမ်းရိုးတန်းဒေသ မြိတ်မြို့သို့ ရောက်ရှိနေသည်။

**တိုးတက်ပြောင်းလဲ**

ဆက်သွယ်ရေး နည်းပညာများ တိုးတက်ပြောင်းလဲမှုများနှင့် ပတ်သက်ပြီး မြန်မာ့အလင်းပရိသတ်ကြီးအား လက်တွေ့အားဖြင့် တင်ပြရန် အကြောင်းကဖန်လာသည်။နိုဝင်ဘာ ၁၂ရက်က ဖြစ်သည်။

သတင်းအဖွဲ့သည် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းက စီစဉ်ပေးမှုဖြင့် မြိတ်မြို့မှအလှမ်းကွာဝေးသည့်မြိတ်-တနင်္သာရီ-ကော့သောင်းလမ်းပေါ်ရှိ အေးရှားဝေါလ်ကုမ္ပဏီ၏ အောင်မြင်ဖြစ်ထွန်းနေသော ဆီအုန်းစိုက်ခင်းများနှင့် အခြားသောရော်ဘာစိုက်ပျိုးခြင်းလုပ်ငန်းများကို တောအသွယ်သွယ် တောင်အထပ်ထပ် ကျော်ဖြတ်ကာ သွားရောက်လေ့လာခဲ့သည်။

**မျက်ဝါးထင်ထင်**

အပြန်ခရီးသည် နေဝင်ရီတရောမှောင်စပျိုးနေပြီဖြစ်သည်။ သို့သော် မြိတ်မြို့သို့ရောက်ရှိနေစဉ် မြန်မာ့အလင်းသတင်းအဖွဲ့သည် သတင်းများ အချိန်မီထုတ်ပြန်ရန် စာကြောနေသည်။ သို့နှင့် မြိတ်မြို့နယ်မြန်မာ့နှစ်ရှည်ပင် တာဝန်ခံ ဦးအုန်းမောင်အား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တနင်္သာရီတိုင်း တိုင်းမန်နေဂျာရုံးသို့ ပို့ခိုင်းရသည်။ ယင်းတိုင်းဆက်သွယ်ရေးရုံးမှ တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်နိုင်နှင့် ဦးစိုးမိုးနိုင်တို့၏ ကူညီဆောင်ရွက်ပေးမှုကြောင့် မြိတ်မြို့၏ သတင်းနှင့် ဓာတ်ပုံများ Fax နှင့် G-mail ကိုအသုံးပြုလျက်ပေးပို့နိုင်ခဲ့သည်။ မြန်မာ့အလင်းသတင်းစာကလည်း ထိုတိုးတက်မှုမြင်ကွင်း သတင်းများကိုချက်ချင်းပင် ဖော်ပြပေးခဲ့သည်။ သတင်းဆက်သွယ်ရေးနည်းပညာများ တိုးတက်သည့်မြင်ကွင်းကို မျက်ဝါးထင်ထင် ပြသလိုက်ခြင်းပင်ဖြစ်သည်။

**ဆက်သွယ်ရေး**

ဤသို့နှင့် တနင်္သာရီတိုင်း ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်လာမှုနှင့် စပ်လျဉ်းပြီး တိုင်းမန်နေဂျာကိုယ်စား တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်နိုင်နှင့် စေ့စေ့ကြည့်မိသည်။

"မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ဒေသတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူများ ဆက်သွယ်မှု လွယ်ကူအဆင်ပြေစေဖို့ စာတိုက်၊ ကြေးနန်း၊တယ်လီဖုန်းဆိုတဲ့ဝန်ဆောင်မှုကဏ္ဍကြီးသုံးရပ်ကို ဝန်ဆောင်မှုများပေးနေပါတယ်။ တနင်္သာရီတိုင်းမှာ ၁၉၈၈ ခုနှစ်မတိုင်မီက စာတိုက်စခန်းပေါင်း ၂၉ ရုံးရှိခဲ့ရာမှ ယခုအခါမှာ ၄၈ ရုံးအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။

**ဖွင့်လှစ်**

အလားတူ ကြေးနန်းစခန်းပေါင်း ကိုးရုံးသာရှိခဲ့ရာမှ ယခုအခါမှာ၂၁ရုံးအထိဖွင့်လှစ်နိုင်ခဲ့ပါတယ်။ဒါ့အပြင် တယ်လီဖုန်း စခန်းပေါင်း ခြောက်ရုံးသာရှိခဲ့ရာမှ ယခုအခါ ၃၂ရုံးအထိ တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပါတယ်"ဟု တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်နိုင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

"တနင်္သာရီတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် တိုးချဲ့ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းများကတော့ တနင်္သာရီတိုင်းအတွင်းရှိ မြို့ခြောက်မြို့မှာအမြန်ငွေပို့လွှာလုပ်ငန်းများနဲ့ မြို့သုံးမြို့မှာ အမြန်ချောပို့လုပ်ငန်းများ ဝန်ဆောင်မှုများပေးနေပါတယ်။ ဒါ့အပြင် ကွန်ပျူတာစနစ်နဲ့ ကြေးနန်းပို့ယူခြင်းလုပ်ငန်းကိုလည်း မြို့လေးမြို့မှာ ဆောင်ရွက်နေပြီး ဖက်စ်ကြေးနန်း ပို့ယူခြင်းကိုတော့ မြို့ခြောက်မြို့မှာ တိုးချဲ့ဆောင်ရွက်နေပါတယ်"ဟု ၄င်းကဆက်လက်ရှင်းပြသည်။

**တည်ဆောက်ရေး**

တနင်္သာရီတိုင်းအတွင်း မြို့နယ်များအား အော်တိုအိတ်ချိန်းများတည်ဆောက်ပေးခဲ့ရာမြိတ်မြို့၌လိုင်းအင်အား ၂၀၀၀၊ ထားဝယ်တွင် လိုင်း ၁၅၀၀၊ ကော့သောင်း၌ လိုင်း၁၀၀၀၊ ကျွန်းစုမြို့တွင် လိုင်း၁၂၀၊ ပုလောမြို့၌ လိုင်း ၄၈၀ နှင့် ကျောက်ကာမြို့တွင် လိုင်း ၁၀၀ အသီးသီး တပ်ဆင်ပေးခဲ့ပြီးဖြစ်ကြောင်း သက်ဆိုင်ရာစာရင်းဇယားများအရ သိရသည်။

ထို့အပြင် တနင်္သာရီတိုင်းအတွင်း ပင်လယ်ပြင်ကမ်းနီးကမ်းဝေးဆက်သွယ်ရေးစနစ်တည်ဆောက်ရေးစီမံကိန်းအရ (CDMA-450) မိုဘိုင်းလ်တယ်လီဖုန်းများကို တပ်ဆင်ပေးခဲ့ရာ ယခုနှစ်အောက်တိုဘာလကုန်အထိ မြိတ်မြို့တွင် ၂၄၂၂ လုံး၊ ထားဝယ်မြို့၌ ၂၄၆၂ လုံး၊ ပုလောမြို့တွင် ၆၆လုံး အသီးသီးတပ်ဆင်ပေးခဲ့ပြီးဖြစ်ကြောင်း စာရင်းဇယားများတွင်ဖော်ပြထားသည်။

**တပ်ဆင်ပြီးစီး**

အလားတူ ဘုရားပုံကောင်းဒေသနှင့် ကျောက်နီမော်ဒေသများတွင် (Edma-450) စက်များ တပ်ဆင်ပြီးစီး၍ မလိကျွန်း၊ စခန်းသစ်၊ ပုလဲကျွန်း၊ ဘုတ်ပြင်း၊ ကုလားတောင်နှင့် ကော့သောင်းမြို့များတွင်လည်း (CDMA-450) မိုဘိုင်းလ်တယ်လီဖုန်းစနစ်များ ဆက်လက်တပ်ဆင်သွားရန် စီစဉ်နေကြောင်း သိရသည်။

ထို့အပြင် တနင်္သာရီတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မြိတ်-ကော့သောင်း Digital Microwave ဆက်ကြောင်းသစ် တည်ဆောက်ရေးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

**မြန်နှုန်းမြင့်**

အလားတူ တနင်္သာရီတိုင်းအတွင်း မဟာမဲခေါင်ဒေသ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအမြန်ဆက်ကြောင်း တည်ဆောက်တပ်ဆင်ခြင်းစီမံကိန်းအရ မြိတ်မြို့နှင့် ကော့သောင်းမြို့များတွင် GSM မိုလ်ဘိုင်းလ် တယ်လီဖုန်းစနစ်များ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် အင်တာနက် အသုံးပြုနိုင်ရန် ADSL မြန်နှုန်းမြင့် ဆက်သွယ်ရေး စနစ်ကို မြိတ်မြို့နှင့် ထားဝယ်မြို့များတွင် တပ်ဆင်အသုံးပြုနိုင်ပြီဖြစ်သည်။

**ထပ်မံတိုးချဲ့**

အများပြည်သူသုံး တယ်လီဖုန်း ဝန်ဆောင်မှုလုပ်ငန်းများ အနေဖြင့်လည်း တနင်္သာရီတိုင်းအတွင်း မြို့ပြမှ ကျေးလက်ဒေသများအထိ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ အော်တိုဖုန်း ၁၉၁ လုံး၊ MPT Satelite Terminal စခန်း သုံးခု၊ (CDMA-450) မိုဘိုင်းလ်တယ်လီဖုန်းအလုံး ၂၀၀တို့ဖြင့်အများပြည်သူသုံး တယ်လီဖုန်းစခန်းများအဖြစ် ဖွင့်လှစ်ပေးထားသည်။

**တိုးတက်မြင့်မား**

သို့ဖြစ်ရာ တနင်္သာရီတိုင်းအတွင်း ဆက်သွယ်ရေးကဏ္ဍအဆင်ပြေချောမွေ့လာသည်နှင့်အမျှဒေသတွင်းရှိပြည်သူများ၏ပညာရေး၊ကျန်းမာရေး၊လူမှုရေးနှင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာပြီဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာရေးသားလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**မြိတ်မြို့ ဘိုတောင် တောင်ပေါ်ရှိ CDMA-450 MHZ (BTS) စခန်းရှိ ဆက်သွယ်ရေး စက်အစိတ်အပိုင်းအချို့ကို ဤသို့ တွေ့ရသည်။**

(မြန်မာ့အလင်း)

**မြိတ်မြို့ အော်တိုအိတ်ချိန်း S-12 တွင် ဝန်ထမ်းများ လုပ်ငန်းတာဝန် အသီးသီး ဆောင်ရွက်နေကြစဉ်။**

(မြန်မာ့အလင်း)

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အနေဖြင့် ဒေသတွင်းမှာရှိတဲ့ တိုင်းရင်းသား ပြည်သူများ ဆက်သွယ်မှု လွယ်ကူအဆင် ပြေစေဖို့ စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း ဆိုတဲ့ ဝန်ဆောင်မှုကဏ္ဍကြီး သုံးရပ်ကို ဝန်ဆောင်မှုများ ပေးနေ။ တနင်္သာရီတိုင်းမှာ ၁၉၈၈ ခုနှစ်မတိုင်မီက စာတိုက် စခန်း ပေါင်း ၂၉ ရုံးရှိခဲ့ရာမှ ယခုအခါမှာ ၄၈ ရုံး အထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့။**

* **ရှေ့ဖုံးမှ**

လေကြောင်းလမ်း စသည့် လမ်းပန်းဆက်သွယ်သွားလာမှုအခြေခံကောင်းများ ထူထောင်နိုင်ပြီး တောင့်တင်းခိုင်မာသည့် လမ်းပန်းဆက်သွယ် သွားလာမှု ကွန်ရက်သည်လည်း ပုံပေါ်လာပြီဖြစ်သည်။

ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းကြီးကို ၁၉၉၂ခုနှစ်ခန့်က စတင်ဖောက်လုပ်ခဲ့ပြီး ၂၀၀၆ခုနှစ် ဇန်နဝါရီ ၁ ရက်က ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည်။ အဆိုပါ ရထားလမ်းကြီးကို ဖွင့်လှစ်ပေးလိုက်သဖြင့် ရထားလမ်းဖြတ်သန်းရာ ရွှေညောင်၊ တောင်ကြီး၊ ဟိုပုံး၊ ဆီဆိုင်၊ လွိုင်လင်၊ နမ့်စန်၊မိုးနဲမြို့နယ်များရှိ ကျေးရွာပေါင်း၁၃၆၀ကျော်မှ ရှမ်း၊ ဗမာ၊ ပလောင်၊ ပအိုဝ်း၊ အင်းသား၊ ခနေ့၊ လားဟူ၊ လီဆူး စသည့် တိုင်းရင်းသား ပြည်သူ ခုနစ်သိန်းနီးပါးခန့်သည် ကားလမ်းနှင့်သာမက ရထားလမ်းဖြင့်ပါ လွယ်ကူစွာ အပြန်အလှန် ကူးသန်းသွားလာဆက်ဆံနိုင်ကြပေပြီ။

**ခက်ခက်ခဲခဲဖောက်လုပ်**

ရှမ်းကုန်းမြင့်ဒေသ၌ အရှည် ၁၉၇မိုင်ကျော်ရှိသည့်အနက် ရထားလမ်းကြီးကို တောတောင်လျှိုမြောင်များ ဖြတ်သန်းပြီး ခက်ခက်ခဲခဲဖောက်လုပ်ခဲ့ရာ၌ တပ်မတော်သားများ၏ လုပ်အားကို အဓိကအရင်းခံပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများ၊ ပညာရှင်များ၊ ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှု၊ ဒေသခံပြည်သူများ၏ စောင့်ရှောက်မှုတို့ဖြင့် ပေါင်းစပ် ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။ သာမန်အားထုတ်မှုမျိုးဖြင့် မဟုတ်ဘဲ မဆုတ်မနစ်သည့် ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ခက်ခက်ခဲခဲ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြရခြင်းဖြစ်ကြောင်းကို သတင်းမှတ်စုအဖြစ် ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

**(မြန်မာ့အလင်း)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁၁-၂၀၀၈ (အင်္ဂါနေ့ )

**AM & PM**

| | |
|---|---|
| ၇:၀၀-၁:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅-၁:၀၅ | **"အငှားခန္ဓာအမြတ်ရှာ"** တရားတော် (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ) |
| ၈:၀၅-၂:၀၅ | ယုံကြည်မှုအပြည့်ဖြင့် နိုးထလာသော နံနက်ခင်း |
| ၈:၁၅-၂:၁၅ | Sunday Talk |
| ၉:၁၀-၃:၁၀ | တေးဂီတအစီအစဉ် |
| ၉:၁၅-၃:၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၂၅-၃:၂၅ | Ecotourism ဆွဲဆောင်ဖို့ သဘာဝကိုထိန်းသိမ်းစို့ 'ဖိုးကျားဆင်စခန်း' (အပိုင်း-၁) |
| ၉:၄၅-၃:၄၅ | တေးဂီတအစီအစဉ် |
| ၉:၅၀-၃:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၅၅-၃:၅၅ | တစ်ကွင်းတစ်စပ် မြစ်ရေတင် လုပ်ငန်းများ |
| ၁၀:၁၀-၄:၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၁၅-၄:၁၅ | တေးဂီတအစီအစဉ် |
| ၁၀:၂၀-၄:၂၀ | ဓာတ်ပုံထဲမှ အမှတ်တရများ (ပြည့်ဖူးခိုင်၏ ဓာတ်ပုံထဲမှ အမှတ်တရများ) |
| ၁၀:၄၀-၄:၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၅၀-၄:၅၀ | ဖျူးချောင်းတံတား |
| ၁၁:၀၀-၅:၀၀ | တေးဂီတအစီအစဉ် |
| ၁၁:၀၅-၅:၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၁၀-၅:၁၀ | စိုက်ပျိုးစီးပွားဖြစ်ထွန်းဖို့ ဇီဝမြေဩဇာသုံးစွဲစို့ |
| ၁၁:၃၅-၅:၃၅ | တေးဂီတအစီအစဉ် |
| ၁၁:၄၀-၅:၄၀ | နာတာရှည်ကျောက်ကပ်အလုပ်မလုပ်(သို့မဟုတ်) အားနည်းရောဂါအကြောင်း (ပါမောက္ခ ဒေါက်တာခင်မောင်ဌေး) |
| ၁၂:၀၅-၆:၀၅ | Music Gallery (ခင်မောင်တိုး-မရွှီမသံစဉ် လှိုင်းဂယက်) |
| ၁၂:၃၀-၆:၃၀ | ကလေးတို့ရဲ့ ပျော်ရွှင်ဖွယ်နေ့လေး တစ်နေ့ |
| ၁၂:၄၅-၆:၄၅ | တိရစ္ဆာန်လေးတွေမွေးကြမယ် (Smart Pet Shop) |
| ၁:၀၀-၇:၀၀ | MRTV-4 အပိတ် Logo၊ |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Champions League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၁:၅၅ | Zenit-Juventus | ESPN (Live) |
| ၂:၀၀ | Villarreal-Man Utd . | ESPN (Live) |
| | Arsenal-Dynamo Kyiv | STAR SPORTS (Live) |

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

## မြန်မာ့အလင်း အင်တာနက် သဘာဝဘေး ဖောင်ပိတ်သတင်း

## ရုရှားအရှေ့ပိုင်း၌ အင်အားပြင်းငလျင်လှုပ်

မော်စကို နိုဝင်ဘာ ၂၄

ရုရှားနိုင်ငံ အရှေ့ဘက်ကမ်းလွန်တွင် နိုဝင်ဘာ၂၄ရက်က ရစ်ချ်တာစကေး ၇အဆင့်ရှိ အင်အားပြင်းသည့် ငလျင်လှုပ်သွားခဲ့ကြောင်း ရုရှားနိုင်ငံ မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။



ဗဟိုပြုလှုပ်

ငလျင်လှုပ်သည့်နေရာမှာ ရုရှားနိုင်ငံ ပက်ထရိုပါဗလော့ခ်ကမ်ချက်စကီပြည်နယ်အနောက်ဘက် ကီလိုမီတာ၃၆၀အကွာ ပင်လယ်ရေအောက် ကြမ်းပြင်အနက် ၃၃ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်သည်။ ငလျင်လှုပ်သွားသည့် အချိန်မှာ မော်စကိုစံတော်ချိန် မွန်းလွဲ ၁၂နာရီ ၅မိနစ်၌ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှု သတင်းမရရှိသေးဟုဆိုသည်။

မြန်မာ့အလင်း

**မိုးလေဝသ ခန့်မှန်းချက်**

**ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေ**

သန်းသန်းနု ကိုးကားတင်ပြသည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

နိုဝင်ဘာ၂၄ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုကိုဖော်ပြရလျှင် တနင်္သာရီတိုင်း၌ နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့၌ နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီ စင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့၌ နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၃ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

နိုဝင်ဘာ၂၄ရက်က ကော့သောင်းတွင် ရွာခဲ့သောမိုးရေချိန်မှာ ဝဒသမဝစလက်မ ဖြစ်သည်။

နိုဝင်ဘာ၂၅ရက် **(ယနေ့)** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း၆၀ဖြစ်သည်။

နိုဝင်ဘာ ၂၅ ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်၌ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်သည်။

**တိမ်ထူထပ်**

မြန်မာစံတော်ချိန် ၁၂နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နေသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေမည်ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအသင့်အတင့်ရှိမည် ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

**ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်**

## အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်

နေပြည်တော် နိုဝင်ဘာ ၂၄

**နိုဝင်ဘာ ၂၄ရက် မြန်မာစံတော်ချိန် ညနေ ၃နာရီ၃၅မိနစ် ၁၆စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက်မိုင် ၃၈၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ရုရှားနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ဒသမ၀အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။** (သတင်းစဉ်)

# နိုင်ငံတော်သစ်၏ အမျိုးသားရေးအင်အားစုကြီး

နိုင်ငံတော်အစိုးရသည် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများနှင့် အမျိုးသားစီးပွားရေးဘဝ မြင့်မားတိုးတက်ရေးအတွက် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များကလည်း ရိုးသားမှု၊ စွမ်းရည်ရှိမှု၊ စေတနာရှိမှု၊ ဇွဲလုံ့လနှင့် သတ္တိရှိမှုအရည်အချင်းများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေးအကျိုးစီးပွားကို ဦးထိပ်ထားပြီး ဆောင်ရွက်ရန် သမိုင်းလိုအပ်ချက်အရ ပေါ်ပေါက်လာသော အသင်းကြီးဖြစ်သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကို ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ယခုအခါ အသင်းကြီး၏ သက်တမ်း ၁၅နှစ်ရှိလာခဲ့ပြီ ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ရည်ရွယ်ချက်များမှာ-

(၁) ပြည်ထောင်စု မပြိုကွဲရေး။
(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
(၃) နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။
(၄) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး ရေးရှုလျက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ဆောင်ရွက်ရေး။
(၅) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး ပေါ်ပေါက်လာရေးတို့ ဖြစ်သည်။

အသင်းကြီး၏ ရည်ရွယ်ချက်များသည် နိုင်ငံတော်အရေး(ဝါ)အမျိုးသားရေးကိုဦးတည်ပြီး တိုင်းပြည်နှင့်လူမျိုး၏ ကြီးကျယ်မြင့်မြတ်သော အနာဂတ်ကို တစ်တပ်တစ်အား ပါဝင်ဖန်တီးရန် ဖြစ်သည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ် ဦးထိပ်ထားသည့် အသင်းကြီးဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ဆောင်ပုဒ်မှာ စိတ်ဓာတ်၊ စည်းကမ်း၊ ကြံ့ခိုင်၊ စည်းလုံးဟူ၍ ဖြစ်သည်။ အဆိုပါဆောင်ပုဒ်သည် နိုင်ငံသား တစ်ဦးချင်းစီ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံထားသည့် ဆောင်ပုဒ်ဖြစ်ပြီး စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု နှစ်ရပ်လုံးအတွက် အခြေခံထားသည့် ဆောင်ပုဒ်လည်း ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များသည် နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်နှင့်မြို့ပြ ကွာဟမှု မရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး လုပ်ငန်းစဉ်များနှင့် အခြားတိုင်းကျိုးပြည်ပြု လုပ်ငန်းစဉ်များတွင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ဖြစ်သည့် (၁)ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးလုပ်ငန်း၊ (၂)ကျေးလက်ဒေသများ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း၊ (၃)ပညာရေးမြှင့်တင်ရေးလုပ်ငန်း၊ (၄)ကျေးလက်ဒေသ ကျန်းမာရေးအခြေအနေ တိုးတက်ရေးလုပ်ငန်း၊ (၅) ကျေးလက်ဒေသ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုး၍ စီးပွားတိုးတက်ရေးလုပ်ငန်းဟူသည့် စသည့်လုပ်ငန်းစဉ်များနှင့် ကျေးရွာမီးလင်းရေး၊ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ထူထောင်ရေးလုပ်ငန်းများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်မောင်မယ်များက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်မှုကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။

ထို့ပြင် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးရေးလုပ်ငန်းများတွင်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အောင်မြင်စွာ ပေါ်ထွန်းရေးလုပ်ငန်းများတွင်လည်းကောင်း ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပါဝင် ဆောင်ရွက်ခဲ့ကြသည်မှာလည်း အထင်အရှား ဖြစ်သည်။

တိုင်းကျိုးပြည်ပြုတာဝန်ကို ထမ်းဆောင်နေကြသော မြန်မာတိုင်းရင်းသားလူငယ်တို့၏ အရည်အချင်းသည် ကေသရာဇာခြင်္သေ့ကဲ့သို့ ရဲစွမ်းသတ္တိနှင့် ခွန်အားပြည့်ဝကြပါသည်။ နိုင်ငံ၏ ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် အားထားရသော ယနေ့မြန်မာလူငယ်တို့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးတွင် စုစုစည်းစည်း ရှိနေကြပြီဖြစ်သည်။

## မောင်မျိုးသစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အလံသည် မိုးယံတွင် တလူလူ လွင့်နေပေသည်။ နိုင်ငံ၏အကျိုး၊ လူမျိုး၏အကျိုးကို သယ်ပိုးရွက်ဆောင်ရန် အားမာန်အပြည့်ဖြင့် လှုပ်ရှားနေကြသော ပြည့်သားကောင်းများကို ပြည်သူများက ပီတိဝေဖြာစွာ ကြိုဆိုနေကြပေသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား အရည်အချင်းပြည့်ဝသည့် အသင်းဝင် လူငယ်မောင်မယ်များ ဖြစ်လာစေရန် ဗဟိုအဆင့်၌ မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းများ၊ အထူးမွမ်းမံသင်တန်းများ၊ အဆင့်မြင့်သင်တန်းများ၊ အမှုဆောင်များ စီမံခန့်ခွဲမှုသင်တန်းများ၊ နိုင်ငံတကာ ဆက်ဆံရေးသင်တန်းများ၊ ကွန်ပျူတာ ဒီပလိုမာသင်တန်းများ၊ လုပ်ငန်းသုံး စာရင်းကိုင်ဒီပလိုမာသင်တန်းများနှင့် စာရင်းကိုင်သင်တန်းများကို စနစ်တကျပို့ချပေးမှုကြောင့် နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ကြပြီ ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား သြဝါဒစကားမြွက်ကြားခဲ့သည်။ အဆိုပါသြဝါဒစကားမြွက်ကြားချက်မှာ-

**"တစ်မျိုးသားလုံးရဲ့ ပန်းတိုင်ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ထူထောင်ရာမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးဟာ အမျိုးသားရေး အင်အားစုအဖြစ်ရပ်တည်ပြီး ပါဝင်ဆင်နွှဲခဲ့တာ ဖြစ်တယ်။ နိုင်ငံတော်ရဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ နိုင်ငံတော်ကို ချစ်မြတ်နိုးတဲ့ နိုင်ငံသားအားလုံးက တညီတညွတ်တည်း ယုံကြည်လက်ခံရမယ့် တစ်မျိုးသားလုံးနဲ့အကျုံးဝင်တဲ့ မွန်မြတ်တဲ့ ပန်းတိုင်ပဲ ဖြစ်တယ်။ ဒီလိုမွန်မြတ်အရေးပါတဲ့ နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးမှာ ပြည်သူတစ်ရပ်လုံး အင်တိုက်အားတိုက် ပူးပေါင်းပါဝင်လာအောင် ဦးဆောင်စည်းရုံးသွားဖို့အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို အမျိုးသားရေး အင်အားစုအဖြစ် ဖွဲ့စည်းထူထောင်ခဲ့တာဖြစ်တယ်"**

ဟူ၍ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ **အနာဂတ်အတွက် မျိုးဆက်သစ်များ ဖြစ်ကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှ အသင်းဝင်လူငယ်မောင်မယ်များသည် တစ်မျိုးသားလုံး၏ ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ထူထောင်ရာတွင် အမျိုးသားရေးအင်အားစုကြီးအဖြစ် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲပြီး အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်ကြပါစို့**ဟု နှိုးဆော်လိုက်ရပါသည်။ ။

**အနာဂတ်အတွက် မျိုးဆက်သစ်များဖြစ်ကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီးမှ အသင်းဝင်လူငယ်မောင်မယ်များသည် တစ်မျိုးသားလုံး၏ ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ထူထောင်ရာတွင် အမျိုးသားရေးအင်အားစုကြီးအဖြစ် ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ကြိုးပမ်း။**

## အုတ်တွင်းမြို့နယ် ထွေ/အုပ်ဦးစီးဌာနမိသားစုနေ့ ဝန်ထမ်းများအား ဝတ်စုံစရိတ် ထောက်ပံ့ပေးအပ်

**အုတ်တွင်း နိုဝင်ဘာ ၂၄**

အုတ်တွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုနေ့ အခမ်းအနားကို နိုဝင်ဘာ ၇ရက် ညနေ ၃နာရီက အုတ်တွင်းမြို့ သီရိရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ဒုတိယဦးစီးမှူး ဦးမင်းကျော်နှင့် ဦးတင်မောင်ဦးတို့က ဝန်ထမ်းများအား ဝတ်စုံစရိတ်ငွေကျပ် ၃၀၀၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။**(အပေါ်ပုံ)** အခမ်းအနားသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း အင်အား ၇၀ကျော် တက်ရောက်ကြသည်။ **(၃၁၆)**

## အထက (၄)စမ်းချောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

အထက(၄)စမ်းချောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၁ရက် (တနင်္ဂနွေနေ့)တွင် အထက(၄)စမ်းချောင်း တော်ဝင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများ အားလုံးကို ပူဇော်ကန်တော့မည်ဖြစ်သဖြင့် ကျောင်းတည်ထောင်သည်မှစ၍ ၂၀၀၇ခုနှစ်အထိ စာသင်ဖူးသည့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မည်သူမဆို ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

**ဆက်သွယ်လှူဒါန်း**

အာစရိယပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အလှူငွေထည့်ဝင်လိုသူများသည် နီးစပ်ရာ ကျောင်းသား ကျောင်းသူဟောင်း အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်သည်။

**(မြန်မာ့အလင်း)**

## သဝဏ်လွှာဖတ်ကြား

**ကဝမြို့နယ်၌ (၈၈)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ၂၂ရက်က အထကစည်းဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌဦးလှဝင်းအောင် ဖတ်ကြားစဉ်။** (၀၆၄)

## ချောင်းဦးမြို့ မဈေး၌ ယင်လုံဆန်ခါဖြင့် ရောင်းချမှုစစ်ဆေး

**ချောင်းဦး နိုဝင်ဘာ ၂၄**

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း သား၊ ငါးရုံများ၌ ယင်လုံဆန်ခါများဖြင့် တပ်ဆင်ရောင်းချမှု အခြေအနေ၊ နေ့စဉ် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုအခြေအနေနှင့် အလေးချိန်ခွင်မှန်ကန်စွာ ရောင်းချမှု၊ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချမှု ရှိမရှိအခြေအနေတို့ကို အောက်တိုဘာ ၃၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (အခွန်)နှင့် ဝန်ထမ်းများ ကြည့်ရှုစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

25-11 (10).pmd 1 11/25/2008, 1:54 AM

# အင်တာ၊ အက်သလက်တီကိုနဲ့ လီဗာပူးတို့ ပွဲစဉ်(၅)မှာ အမှတ်ပြည့်ယူနိုင်မလား

ချန်ပီယံလိဂ်ပွဲကြို - ထွန်းထွန်းဦး(လှိုင်) ◆ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၄

နိုဝင်ဘာ ၂၆ရက်မှာ ကစားမယ့် ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ်(၅)မှာတော့ အုပ်စုတိုင်းမှာရှိတဲ့ အသင်းတွေအားလုံးဟာ နိုဝင်ဘာ ၂၅ရက်မှာ ကစားသွားတဲ့အသင်းတွေအတိုင်း နောက်တစ်ဆင့်တက်ရောက်ခွင့်ရဖို့ အားစိုက်ကစားကြဖွယ်ရှိပါတယ်။ ဒီပွဲစဉ်တွေထဲမှာတော့ အင်တာမီလန်၊ အက်သလက်တီကိုနဲ့ လီဗာပူးတို့ကို ရွေးချယ်ထားရင် အခြားပွဲတွေကို ရွေးထားလိုက်တာထက် ပိုသေချာပြီး ပျော်ရွှင်ရဖို့ရှိနေပါတယ်။ ပြီးတော့ ဘော်ဒိုး-ချယ်လ်ဆီး၊ ကလုချ်နဲ့ ရိုးမားပွဲတွေဟာ ရေကုန်ရေခန်း ယှဉ်ပြိုင်ရမယ့်ပွဲစဉ်တွေ ဖြစ်နေပါတယ်။

## အုပ်စု (က)

### ကလုချ် - ရိုးမား

**ပထမအကျော့ - ရိုးမား ၁ - ၂ ကလုချ်**

ရိုမေးနီးယားကလပ် ကလုချ်အနေနဲ့ကတော့ အိမ်ကွင်းအားသာချက်ကို ဂရုစိုက်ပြီး ကစားပြမှာဆိုတော့ ရိုးမားလိုအသင်းအနေနဲ့ ပထမအကျော့မှာ ကစားခဲ့စဉ်ကအတိုင်း အခက်အခဲ တွေ့သွားနိုင်ပါတယ်။ ကလုချ်အနေနဲ့လည်း နောက်တစ်ဆင့် တက်ရောက်ခွင့်ရဖို့ မျှော်လင့်နိုင်ခွင့် ရှိနေသေးတာကြောင့် အိမ်ရှင်အသင်းပီပီ ရတဲ့အခွင့်အရေးတွေကို သေချာအသုံးချပြီး ရန်းမှာပါ။ နဂိုကတည်းကမှ ရန်းအားရော၊ ကစားအားပါကောင်းနေလို့ ရိုးမားလိုအသင်းကို မနိုင်ခဲ့ရင်တောင် ကလုချ်တို့ဟာ အနိမ့်ဆုံး သရေရအောင်တော့ ကစားနိုင်ပါသေးတယ်။

**ရိုးမားနှင့် ကလုချ်အသင်းတို့ ချန်ပီယံလိဂ် ပထမအကျော့ တွေ့ဆုံစဉ်က ရိုးမား တိုက်စစ်မှူး တော့တီ ကလုချ်နောက်တန်းကို ထိုးဖောက် ဂိုးသွင်းရန်ကြိုးစားခဲ့စဉ်။**

### ဘော်ဒိုး - ချယ်လ်ဆီး

**ပထမအကျော့ - ချယ်လ်ဆီး ၄ - ၀ ဘော်ဒိုး**

ချယ်လ်ဆီးအနေနဲ့ ပြင်သစ်မြေမှာ ကစားရတာ မသက်သာလှပါဘူး။ ဒါပေမယ့် ရပ်တည်မှုအရ နောက်တစ်ဆင့်တက်ဖို့ကို ကြိုးစားရမှာဖြစ်နေတာကြောင့် ရမှတ်တစ်မှတ်ကွာ ဘော်ဒိုးကို နောက်ကောက်ချထားနိုင်အောင် လူစုံသုံးပြီး ကစားမှာပါ။ ဘော်ဒိုးကတော့ အိမ်ကွင်းအားသာချက်တစ်ခုတည်းနဲ့ပဲ ယှဉ်ဖို့များတယ်။ ဒါပေမယ့် ချယ်လ်ဆီးရဲ့ တန်ပြန်တိုက်စစ်ကို ပွဲချိန်ပြည့် ထိန်းချုပ်ဖို့ဆိုတာတော့ မလွယ်လှပါဘူး။ ရိုးမားကို ရှုံးထားတဲ့ ချယ်လ်ဆီးဟာ အမှားတွေကို သေချာပြင်ဆင်ပြီး အဝေးကွင်းမှာ ဘော်ဒိုးဆီကနေ အနိုင်သုံးမှတ်ယူပါလိမ့်မယ်။ ချယ်လ်ဆီးပဲ ကြိုက်တယ်။

## အုပ်စု (ခ)

### အင်တာမီလန် - ပါနာသီနိုင်းကို့စ်

**ပထမအကျော့ - ပါနာသီနိုင်းကို့စ် ၀ - ၂ အင်တာမီလန်**

ဩ့သည် ဂရိကလပ် ပါနာသီနိုင်းကို့စ်အနေနဲ့ အင်တာမီလန်မြေမှာ အသာရအောင် မဆိုထားနဲ့ သရေရဖို့ကိုတောင် ခြေကုန်ထုတ် ကစားတာတောင် မလွယ်ပါဘူး။ ဘာကြောင့်လဲဆိုရင် ခြေစွမ်းပိုင်းရော၊ ကစားအားအပိုင်းမှာပါ ကွာခြားမှုတွေ ရှိနေလို့ပါပဲ။ ပြီးတော့ တိုက်စစ်ပိုင်းမှာလည်း ဂိုးသွင်းသေချာသူတွေဟာ အင်တာမှာ ပိုများနေတာကြောင့် ပရိသတ်အားနဲ့ ဖိအားပေးကစားရင် ဩ့သည်အသင်းအဖို့ ခံကန်နိုင်စွမ်း နည်းသွားပါပြီ။ အင်တာမီလန်ကသာ အခုပွဲမှာ သုံးမှတ် အရယူဖို့ ရှိနေပါတယ်။

### အနော်သိုးဆစ် - ဝါဒါဘရီမင်

**ပထမအကျော့ - ဝါဒါဘရီမင် ၀ - ၀ အနော်သိုးဆစ်**

အနော်သိုးဆစ်အနေနဲ့ နောက်တစ်ဆင့်ရောက်ဖို့ အခုပွဲမှာ အားစိုက်ကစားပြီး ဝါဒါဘရီမင်လိုအသင်းမျိုးကို ခံကန်မှာပါ။ အိမ်ကွင်းအားသာချက်လည်း ရှိထားသလို ကစားအားလည်း စုစည်းမှုရှိပြီး ရန်းအားနဲ့ဖိအားပေးကစားတာကောင်းတယ်။ ဒါကြောင့် ဝါဒါဘရီမင်လို ဂျာမနီကလပ်အဖို့ အဝေးကွင်းမှာ ကစားရတာ ခက်ခဲသွားနိုင်ပါသေးတယ်။ အနော်သိုးဆစ်ရဲ့ ခံစစ်လုံခြုံမှုကို ဝါဒါဘရီမင်အနေနဲ့ ထိုးဖောက်ဖို့ ကြိုးစားနိုင်ရင်တောင် သရေတစ်မှတ်ထက် ပိုရမယ်မထင်ပါဘူး။

## အုပ်စု (ဂ)

### ရှက်တာဒိုးနက် - ဘာဆယ်လ်

**ပထမအကျော့ - ဘာဆယ်လ် ၁ - ၂ ရှက်တာဒိုးနက်**

ရှက်တာဒိုးနက်ရော ဘာဆယ်လ်ပါ ခြေစွမ်းကမငြိမ်ဘူး။ ဒါပေမယ့် ရှက်တာဒိုးနက်ဟာ အိမ်ကွင်းကစားပုံတော့ မာတယ်၊ ရုန်းနိုင်တယ်။ ဒါကြောင့်လည်း ဘာဆယ်လ်လိုအသင်းအနေနဲ့ ရှက်တာဒိုးနက်ကို ခံကန်ဖို့သာ ကြိုးစားရမှာပါ။ ရှက်တာမှာ ယူအီးအက်ဖ်အေဘက်လှည့်ဖို့နဲ့ သိက္ခာအတွက်သာ အခုပွဲမှာ အိမ်ရှင်ပီပီ ဘာဆယ်လ်လိုအသင်းကို အနိုင်ယူမှာပါ။ ဘာဆယ်လ်လည်း ရှက်တာဒိုးနက်ရဲ့ တရစပ်တိုက်စစ်ကို မထိန်းချုပ်နိုင်လျှင် ဒီပွဲမှာ ရှုံးနိမ့်သွားဖို့ရှိပါတယ်။

### စပို့တင်းလစ္စဘွန်း - ဘာစီလိုနာ

**ပထမအကျော့ - ဘာစီလိုနာ ၃ - ၁ စပို့တင်းလစ္စဘွန်း**

ဘာစီလိုနာနဲ့ စပို့တင်းတို့ဟာ နောက်တစ်ဆင့်ကို တက်ရောက်ဖို့ အခွင့်သာသွားကြပြီဖြစ်လို့ အခုပွဲမှာ လူစုံသုံးကစားရင်တောင် ကစားအားကို ချွေတာကစားကြမယ့်ပုံပါ။ အထူးသဖြင့် ဘာစီလိုနာပါ။ အခြားပြိုင်ပွဲတွေ နွဲဖို့ရှိနေသေးတာကြောင့် ဒီပွဲအပေါ်မှာ သေချာအာရုံစိုက်ခွင့် နည်းသွားနိုင်ပါတယ်။ မရှုံးအောင် ကစားနိုင်ဖို့ပဲ အားထုတ်မယ့်ပုံပါ။ တန်ပြန်တိုက်စစ်တစ်ခုသာ အားထားကစားမယ့် ဘာစီလိုနာဟာ အခုပွဲမှာ သရေလောက်သာ ကစားဖွယ်ရှိပါတယ်။

## အုပ်စု (ဃ)

### အက်သလက်တီကို - ပီအက်စ်ဗွီ

**ပထမအကျော့ - ပီအက်စ်ဗွီ ၀ - ၃ အက်သလက်တီကို**

အမှတ်ပေးဇယားထိပ်ဆုံးမှာ လီဗာပူးနဲ့ အတူရှိနေတဲ့ အက်သလက်တီကိုကတော့ နောက်တစ်ဆင့် သွားရောက်ကစားဖို့ အိမ်ကွင်းမှာ ပီအက်စ်ဗွီဆီကနေ အနိုင်သုံးမှတ် ရယူဖို့ ကြိုးစားကစားဖို့ရှိနေပါတယ်။ ပီအက်စ်ဗွီရဲ့ အဝေးကွင်းကစားပုံဟာ ခြေငြိမ်တဲ့ အသင်းမျိုးမဟုတ်တာကြောင့် တိုက်စစ်သန်တဲ့ အက်သလက်တီကိုလို အသင်းမျိုးကို ယှဉ်နိုင်စွမ်းနည်းပါတယ်။ အထူးသဖြင့် ပီအက်စ်ဗွီရဲ့ ခံစစ်ပိုင်းပါ။ အဂွေရို၊ ဖော်လန်နဲ့ မန်းနစ်ချ်တို့လို ကစားသမားတွေရဲ့ ရုန်းအားကြောင့် အခုပွဲမှာ အိမ်ရှင်ကသာ အနိုင်ယူသွားဖွယ်ရှိနေပါတယ်။

### လီဗာပူး-မာဆေး

**ပထမအကျော့ - မာဆေး ၁ - ၂ လီဗာပူး**

ဒီတစ်ခါတော့ မာဆေးအနေနဲ့ လီဗာပူးကွင်းမှာ ခံစစ်သက်သက်သာ ပွဲထွက်ကစားရမှာပါ။ လီဗာပူးကတော့ ရတဲ့အခွင့်အရေးကို လက်လွတ်မခံစတမ်း ကစားပြမှာ ဖြစ်ပါတယ်။ ဒါကြောင့် လီဗာပူးပရိသတ်တွေအနေနဲ့ အခုပွဲမှာ ပျော်ပျော်ရွှင်ရွှင် အားပေးနိုင်ဖို့ရှိနေပါတယ်။ မာဆေးကတော့ လီဗာပူးကို ဂိုးပြတ်နဲ့ မရှုံးအောင်သာ ဂရုစိုက်ကစားရမယ့်ပွဲ ဖြစ်နေပါတယ်။ လီဗာပူးပဲ အနိုင်ကစားမယ့်ပွဲပါ။ ။

**အုပ်စု (က) ရပ်တည်မှုအနေအထား**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ချယ်လ်ဆီး | ၄ | ၂ | ၁ | ၁ | ၆ | ၃ | ၇ |
| ရိုးမား | ၄ | ၂ | ၀ | ၂ | ၇ | ၅ | ၆ |
| ဘော်ဒိုး | ၄ | ၂ | ၀ | ၂ | ၄ | ၈ | ၆ |
| ကလုချ် | ၄ | ၁ | ၁ | ၂ | ၃ | ၄ | ၄ |

**အုပ်စု (ဂ) ရပ်တည်မှုအနေအထား**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ဘာစီလိုနာ | ၄ | ၃ | ၁ | ၀ | ၁၁ | ၃ | ၁၀ |
| စပို့တင်းလစ္စဘွန်း | ၄ | ၃ | ၀ | ၁ | ၅ | ၃ | ၉ |
| ရှက်တာဒိုးနက် | ၄ | ၁ | ၀ | ၃ | ၃ | ၅ | ၃ |
| ဘာဆယ်လ် | ၄ | ၀ | ၁ | ၃ | ၂ | ၁၀ | ၁ |

**အုပ်စု (ခ) ရပ်တည်မှုအနေအထား**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| အင်တာမီလန် | ၄ | ၂ | ၂ | ၀ | ၇ | ၄ | ၈ |
| အနော်သိုးဆစ် | ၄ | ၁ | ၂ | ၁ | ၆ | ၅ | ၅ |
| ပါနာသီနိုင်းကို့စ် | ၄ | ၁ | ၁ | ၂ | ၆ | ၇ | ၄ |
| ဝါဒါဘရီမင် | ၄ | ၀ | ၃ | ၁ | ၃ | ၆ | ၃ |

**အုပ်စု (ဃ) ရပ်တည်မှုအနေအထား**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| အက်သလက်တီကို | ၄ | ၂ | ၂ | ၀ | ၇ | ၃ | ၈ |
| လီဗာပူး | ၄ | ၂ | ၂ | ၀ | ၇ | ၄ | ၈ |
| မာဆေး | ၄ | ၁ | ၀ | ၃ | ၅ | ၆ | ၃ |
| ပီအက်စ်ဗွီ | ၄ | ၁ | ၀ | ၃ | ၃ | ၉ | ၃ |

**နိုဝင်ဘာ ၂၄ရက်က ၂၀၀၈ခုနှစ် တတိယအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာလက်ဝှေ့ (က)အဆင့်ပြိုင်ပွဲနှင့် ဒသမအကြိမ် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို တောင်ဥက္ကလာ ပဒေသာအားကစားရုံ၌ ကျင်းပရာ ပြည်ချစ်သား(ရခိုင်ပြည်နယ်)နှင့် သတ္တိမောင်(ရန်ကုန်တိုင်း)တို့ ယှဉ်ပြိုင်စဉ်။**

ဓာတ်ပုံ-သတင်းထောက်ဇော်ဝင်းမြင့်(တောင်ဥက္ကလာ)

# မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၄

“အိမ်ထောင်တစ်ခုမှာ ဘဝရဲ့ အသေးအဖွဲလေးတွေကို သတိပြုမိပါစေ” ဆောင်းပါး ပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ ၂၊ အမှတ် ၅၃ကို ယနေ့ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် ပဲဈေးကွက် အရှုပ်တော်ပုံ၊ ရွှေဝယ်စုဆောင်းသူ များပြားလာ၍ လက်လီဈေးကွက် အရောင်းသွက်၊ ပြည်ပပို့ သစ်ဈေးနှုန်းများ မပြောင်းလဲ၊ ရန်ကုန်-မန္တလေး-တောင်ငူ ကားလေလံပွဲများကြောင့် ကားဈေးများကျလာ၊ ရန်ကုန်မြို့တွင်း ပြေးဆွဲရန် City Bus ၁၉၂စီး ရောက်ရှိ၊ အိုင်ဗင်ဟိုကုမ္ပဏီက ကြေးနီသတ္တုရှာဖွေရေး ပြန်လည်စတင်၊ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းက မြန်မာ့ကဏ္ဍန်းပို့ကုန်ကို မထိခိုက်၊ မဖွယ်မရာ အမျိုးသမီးပုံကို အင်တာနက်ပို့၍ အရေးယူခံ့၊ သမီးရည်းစားချိန်းတွေ့စဉ် မိုက်ကြေးခွဲတောင်းသူများ၊ နယ်စပ်မြို့များ ဆန်ဈေးတည်ငြိမ်ရေး ဆောင်ရွက်နေ၊ အဝေးပြေးကုန်တင်ယာဉ်များမှ ပစ္စည်းခိုးယူသူများကို သက်သေခံပစ္စည်းများဖြင့် ဖမ်းဆီးရမိ၊ ဆရာကိုင်ရိုလေး၏ လေးနှင့် ရှစ်ဂဏန်းများ ဆုံသောအခါ၊ လေကြောင်းမြို့တော် ကိုရီးယားဓာတ်လမ်းတွဲ၊ ပြည်တွင်း၌ ဂျပန်မော်တော်ကားများ ပိုမိုထုတ်လုပ်တော့မည်၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ဆေးဝါးဈေးနှုန်း ကျဆင်းရေးအတွက် ထိန်းသိမ်းရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်၊ ပါမောက္ခ ဒေါက်တာ မြသိန်းဟန်၏ အသွယ်သွယ်အမျိုးမျိုး ကင်ဆာရောဂါဆိုး၊ ဒေါက်တာဦးစိုးလွင်၏ လိမ္မာယဉ်ကျေး တပည့်လေးများ၊ ရဲယိုတစ်လီတာ ခြောက်ဒေါ်လာ ပေါက်ဈေးရှိ၊ ဘက်ထရီရှော့တိုက် ငါးဖမ်းသူများကို ဖမ်းဆီးရမိရန် သတင်းပေးသူအား ဆုငွေကျပ်တစ်သိန်းချီးမြှင့်ခဲ့၊ နီပေါဗုဒ္ဓလူငယ် တရားကျင့်ရန် တောတွင်းပြန်ဝင်သွားပြီ၊ အီရန်ကို တိုက်ခိုက်ရေးအတွက် အဆင်သင့်ဖြစ်ပုံကို အစ္စရေးလေတပ်ပြသခဲ့၊ အီရန်က အစ္စရေးသူလျှိုအား ကြိုးပေးစီရင်ခဲ့၊ အီရန် အစ္စရေးစစ်ပွဲအား အစ္စရေးက မီးစိမ်းပြနေ၊ ဘီလာရုစ်က အမေရိကန်မှ ဒုံးကျည်ကိုတန်ပြန်ရေး ရုရှားလက်နက်များ ချထားရန် လိုလား စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်အား အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟု သိရသည်။ (သတင်းစဉ်)

# ပုဇွန်တောင်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပုဇွန်တောင်မြို့နယ် နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ၂၃ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီက အမှတ်(၂)ရပ်ကွက် အနော်ရထာလမ်းရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နာယက ဆရာ ဦးဗကလေး (ဗကလေး)၊ နာယက ဦးခင်မောင်လေး (ဖိုးသောကြာ)၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်အောင်(သတင်းထောက်ခင်အောင်)နှင့် အမှုဆောင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

## အတည်ပြု

အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးသန်းထွန်း (သီဟ-ဧရာဝတီ)က ဆောင်ရွက်၍ သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်အောင်(သတင်းထောက်ခင်အောင်)က အမှာစကားပြောကြား၍ သက်ကြီးစာပေပညာရှင် ဆရာဦးဗကလေး (ဗကလေး)က ဆုံးမသြဝါဒစကား ပြောကြားပြီး မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးမှတ်တမ်းကို မြို့နယ်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညီညီအောင် (ညီညီအောင်)က ဖတ်ကြားတင်ပြ၍ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစီရင်ခံစာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပြန်ကြားရေးမှူး ဦးဝေမြင့်(မင်းရဲသခ်)က ဖတ်ကြားတင်ပြကာ အစည်းအဝေးက အတည်ပြုခဲ့သည်။ (၁၂၅)

နီးမွားသောအိမ်သောအားများ
တိုးတက်အောင်မြင်ပါစေကြောင်း နှစ်သစ်ကူးအကြို
ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

ကျွန်တော်များ၏ လမင်းတာရာ ကုမ္ပဏီမှ တင်သွင်းဖြန့်ချိလျက်ရှိသော
NZMP (Whole Milk Powder)နို့မှုန့် အမျိုးအစားများသည်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ကျန်းမာရေးဝန်ကြီးဌာန နို့မှုန့်နှင့်
နို့ထွက်ပစ္စည်းများကို အများပြည်သူစားသုံးရန် အန္တရာယ် ရှိ/မရှိ
စစ်ဆေးရေးအဖွဲ့ ကြော်ငြာချက်အမှတ် (၁/၂၀၀၈)အရ
အန္တရာယ်ကင်းရှင်းကြောင်း အတည်ပြုချက်ရရှိပြီး ဖြစ်ပါသည်။
မိမိတို့၏ ကုန်ပစ္စည်းများကိုသာ အစဉ်တစိုက်ဝယ်ယူ အားပေးလျက်ရှိသော
Green Circle Co.,Ltd. -Ve Ve Soft Drinks Factory
မှ ထုတ်လုပ်ဖြန့်ချိလျက်ရှိသော Milk Drinks, Strawberry,
Orange & Durian (Yoghurt) များမှာလည်း
အန္တရာယ်ကင်းရှင်းကြောင်းနှင့် စားသုံးသူပြည်သူအပေါင်းတို့
ယုံကြည်စိတ်ချစွာ သောက်သုံးနိုင်ပါကြောင်း သိစေအပ်ပါသည်။
မိမိတို့ ကုန်ပစ္စည်းအားဝယ်ယူအားပေးလျက်ရှိသော
Ve Ve Soft Drinks နှင့် Ve Ve Yoghurt များ
ရောင်းအားကောင်း၍ မီးမွားသောအိမ်သောအားများ
တိုးတက်အောင်မြင်ပါစေကြောင်း နှစ်သစ်ကူးအကြို ဆုမွန်ကောင်း
ပို့သလိုက်ပါသည်။
Director လမင်းတာရာ ကုမ္ပဏီလီမိတက်

နီးမွားသောအိမ်သောအားများ
တိုးတက်အောင်မြင်ပါစေကြောင်း နှစ်သစ်ကူးအကြို
ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

ကျွန်တော်များ၏ သုဝဏ္ဏနဒီ ကုမ္ပဏီမှ တင်သွင်းဖြန့် ချိလျက်ရှိသော
NZMP (Whole Milk Powder) နှင့် Golden River
(Full Cream Milk Powder) နို့မှုန့် အမျိုးအစားများသည်
ပြည်ထောင်စုမြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာန နို့မှုန့်နှင့်
နို့ထွက်ပစ္စည်းများကို အများပြည်သူစားသုံးရန် အန္တရာယ် ရှိ/မရှိ
စစ်ဆေးရေးအဖွဲ့ ကြော်ငြာချက်အမှတ် (၁/၂၀၀၈)အရ
အန္တရာယ်ကင်းရှင်းကြောင်း အတည်ပြုချက် ရရှိပြီးဖြစ်ပါသည်။
မိမိတို့၏ ကုန်ပစ္စည်းများကိုသာ အစဉ်တစိုက်ဝယ်ယူ အားပေးလျက်ရှိသော
Green Circle Co.,Ltd. - Ve Ve Soft Drinks Factory
မှ ထုတ်လုပ်ဖြန့်ချိလျက်ရှိသော Milk Drinks, Strawberry,
Orange & Durian (Yoghurt) များမှာလည်း
အန္တရာယ်ကင်းရှင်းကြောင်းနှင့် စားသုံးသူပြည်သူအပေါင်းတို့
ယုံကြည်စိတ်ချစွာ သောက်သုံးနိုင်ကြောင်း သိစေအပ်ပါသည်။
မိမိတို့ ကုန်ပစ္စည်းအားဝယ်ယူအားပေးလျက်ရှိသော
Ve Ve Soft Drinks နှင့် Ve Ve Yoghurt များ
ရောင်းအားကောင်း၍ မီးမွားသောအိမ်သောအားများ
တိုးတက်အောင်မြင်ပါစေကြောင်း
နှစ်သစ်ကူးအကြို ဆုမွန်ကောင်း ပို့သလိုက်ပါသည်။
Director သုဝဏ္ဏနဒီ -အရောင်းလီမိတက်

# အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ မြန်မာလူငယ်အသင်း ကြေးတံဆိပ်ဆွတ်ခူး

သတင်းမှတ်စုနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်၊ စာမျက်နှာဖွဲ့စည်းမှု - ဇင်မင်းသန်း(မြန်မာ့အလင်း)

**ရန်ကုန် နိုဝင်ဘာ ၂၄**

၂၀၀၈ခုနှစ် နိုဝင်ဘာ ၉ရက်မှ ၁၄ရက်အထိ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သော (၁၅)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆွတ်ခူးခဲ့သည့် မြန်မာလူငယ်ဘော်လီဘောအသင်းသည် နိုဝင်ဘာ၁၇ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

## ယှဉ်ပြိုင်ခဲ့

အဆိုပါပြိုင်ပွဲတွင် အရှေ့တောင်အာရှငါးနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအသင်းမှာ ဘရူနိုင်းနှင့် ဗီယက်နမ်တို့ကို အနိုင်ရရှိခဲ့ပြီး ထိုင်းနှင့်အင်ဒိုနီးရှားတို့ကို ရှုံးနိမ့်ခဲ့သည်။ အုပ်စုပတ်လည်ပွဲစဉ်များအပြီးတွင် မြန်မာနှင့်ဗီယက်နမ်တို့မှာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် ရမှတ်ခြောက်မှတ်စီ တူညီနေသဖြင့် စုစုပေါင်းရမှတ်ကိုတည်၍ ပေးမှတ်စုစုပေါင်းဖြင့်စားရာ မြန်မာအသင်းက ၁ဒသမ ၁၇၀၈၃မှတ်ရရှိပြီး ဗီယက်နမ်က ၁ဒသမ ၀၇၂၄၆မှတ်သာ ရရှိသဖြင့် မြန်မာက ကြေးတံဆိပ် ရရှိခဲ့ခြင်းဖြစ်သည်။ အမှတ်အများဆုံးရရှိသည့် အင်ဒိုနီးရှားနှင့်ထိုင်းမှာ ဗိုလ်လုပွဲ ထပ်မံကစားခဲ့ရပြီး အင်ဒိုနီးရှားက ဗိုလ်စွဲသွားသည်။ မြန်မာလူငယ်အသင်းမှာ အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ သက်တမ်းတစ်လျှောက် ချန်ပီယံဆုကို သုံးကြိမ်ဆက်တိုက် ဆွတ်ခူးရရှိဖူးပြီး ဒုတိယနှစ်ကြိမ်နှင့် တတိယနှစ်ကြိမ် ရရှိထားသည်။

## ပါဝင်

ကြေးတံဆိပ်ဆုရ မြန်မာလူငယ် ဘော်လီဘောအသင်းတွင် အုပ်ချုပ်သူ ဦးတင်မောင်အေး၊ နည်းပြချုပ် ဦးသိန်းဆွေ၊ လက်ထောက်နည်းပြ ဦးလွှမ်းမိုး၊ ကစား သမားဝင်းထွန်းဦး၊ ပိုင်သ၊ ဖြိုးဝေအောင်၊ ကျော်မင်းသူ၊ ထိန်စိုးလင်း၊ ချစ်ပိုပို၊ နန္ဒမင်း၊ အောင်မြတ်ထွန်း၊ ရန်မျိုးလှိုင်နှင့် အောင်သန်းစိုးတို့ ပါဝင်ကြသည်။ **(မြန်မာ့အလင်း)**

# စာအုပ်စာပေ လှူမိတ်ဆွေ

# တင်းနစ်နည်းစနစ်ဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

အိုလံပစ် စည်းလုံးညီညွတ်ရေးအစီအစဉ်အရ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် တင်းနစ်နည်းစနစ်ဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့ ညနေ၃နာရီတွင် အမျိုးသားဘောလုံး လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင် တက်ရောက် အမှာစကားပြောကြားသည်။

## နှုတ်ခွန်းဆက်စကားပြောကြား

ယင်းနောက် အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် သင်တန်းညွှန်ကြားရေးမှူး Mr. Kawaljeet Singh က နှုတ်ခွန်းဆက်စကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) တို့မှ သင်တန်းသား၊ သင်တန်းသူ ၃၁ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ၂၃ရက်မှ ၃၀ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင် တင်းနစ်နည်းစနစ်ဆိုင်ရာ နည်းပြသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# မိုင်းခတ်မြို့ သာယာလှပရေး ဆောင်ရွက်

မိုင်းခတ် နိုဝင်ဘာ ၂၄

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအေးဆွေသည် အောက်တိုဘာ ၂၀ရက်က မိုင်းခတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ထားရှိသော မြို့သာယာလှပရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။**

(မြို့နယ်စည်ပင်)

**ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား**

# အင်တာနက် အားကစားသတင်းအတိုအထွာ

## ဖီဖာ၏ကွန်ဖက်ဒရေးရှင်းဖလား ပြိုင်ပွဲအုပ်စုခွဲ

*ဂျိုဟန်နစ္စဘတ် နိုဝင်ဘာ ၂၄*

*၂၀၀၉ခုနှစ် ဖီဖာကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲအတွက် အသင်းများကို နိုဝင်ဘာ၂၃ရက်က မဲနှိုက်ကာ အုပ်စုခွဲလိုက်သည်။*

*ဘောလုံးအသင်းပေါင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အုပ်စု(က)တွင် တောင်အာဖရိက၊ စပိန်၊ အီရတ်နှင့် နယူးဇီလန်တို့ ပါဝင်ပြီး အုပ်စု(ခ)၌ ဘရာဇီး၊ အီတလီ၊ အီဂျစ်နှင့် အမေရိကန်တို့ ပါဝင်ကြသည်။*

## စပိန်လာလီဂါ၌ ဂိုးအများဆုံးသွင်းထားသူများ

*မက်ဒရစ် နိုဝင်ဘာ ၂၄*

*စပိန်လာလီဂါဘောလုံးပြိုင်ပွဲများ၌ နိုဝင်ဘာ၂၃ရက်အထိ ကစားပြီးသောပွဲစဉ်များအထိ ဂိုးအများဆုံး သွင်းထားသူများမှာ အီတူး ၁၃ဂိုး၊ ဒေးဗစ်ဗီလာ ၁၁ဂိုး၊ ဂွန်ဇာလို ကိုးဂိုး၊ မက်ဆီ ခုနစ်ဂိုး၊ နီဂရီဒို ခုနစ်ဂိုးနှင့် ဘီလစ် ခြောက်ဂိုးတို့ဖြစ်သည်။*

## (၁၃)ကြိမ်မြောက် မာရသွန်ပြိုင်ပွဲ ကမ္ဘောဒီးယား၌ ကျင်းပမည်

*ဖနောင်ပင် နိုဝင်ဘာ ၂၄*

*ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ကျင်းပမည့် (၁၃)ကြိမ်မြောက် နိုင်ငံတကာမာရသွန်အပြေးပြိုင်ပွဲကို ဆီအမ်ရိစ်ပြည်နယ်တွင် လာမည့်ဒီဇင်ဘာ၇ရက်၌ စတင်ကျင်းပမည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ မာရသွန်အပြေးသမား ၂၁၀၀ခန့် ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။*

## စိတ်ပင်ပန်းမှုအဖြစ်ဆုံးဟု နည်းပြဝင်းဂါးပြောကြား

*လန်ဒန် နိုဝင်ဘာ ၂၄*

*အာဆင်နယ်အသင်း ပွဲရလဒ်များ မကောင်းသည့်အပြင် ကစားသမားအချင်းချင်း စိတ်ဝမ်းကွဲမှုများ ဖြစ်ပေါ်နေမှုကြောင့် အာဆင်နယ်အသင်းကို နည်းပြအဖြစ်တာဝန်ယူခဲ့သည့် ကာလတစ်လျှောက်တွင် စိတ်ပင်ပန်းမှု အဖြစ်ဆုံး အချိန်ဖြစ်ကြောင်း နည်းပြ အာစင်ဝင်းဂါးက ဖွင့်ဟပြောကြားသည်။*

## စပါးတွင် ဆက်နေပါက ပျက်စီးနိုင် ဂိုးသမားပေါလ်ရော်ဘင်ဆင်ပြောကြား

*လန်ဒန် နိုဝင်ဘာ ၂၄*

*ယခုလာမည့် နွေရာသီတွင် စပါးအသင်းမှ မထွက်ခွာခဲ့ပါက မိမိအနေဖြင့် ပျက်စီးရန်သာရှိကြောင်း ပေါလ်ရော်ဘင်ဆင်က ပြောကြားလိုက်သည်။*

*အင်္ဂလန်ဂိုးသမား ပေါလ်ရော်ဘင်ဆင်သည် ဘလက်ဘန်းသို့ ပေါင်သုံးသန်းခွဲဖြင့် ပြောင်းရွှေ့သွားပြီးကတည်းက ယခုကဲ့သို့ ပထမဦးဆုံးအကြိမ် နိုဝင်ဘာ ၂၃ရက်က ပြောကြားခဲ့ခြင်းဖြစ်သည်။*

## လီဗာပူးအသင်းတွင်သာ အဆုံးသတ်လိုဟု ဘောလုံးကြယ်ပွင့် ဂျရတ် ဖွင့်ဟပြောကြား

*လန်ဒန် နိုဝင်ဘာ ၂၄*

*လီဗာပူးဘောလုံးကြယ်ပွင့် စတီဗင်ဂျရတ်က ၎င်း၏ကျန်ရှိသော ဘောလုံးသမားဘဝကို လီဗာပူးအသင်းတွင်သာ အဆုံးသတ်သွားလိုကြောင်း၊ ဘောလုံးသမားဘဝမှ အနားယူသွားသည့်နောက်တွင်လည်း လီဗာပူးနည်းပြအဖြစ် ဘဝတစ်လျှောက်လုံး အရိုးထုတ်သွားလိုကြောင်း ဖွင့်ဟခဲ့သည်။*

*နည်းပြရာဖေးလ်ဘင်နီတက်ဇ်ကလည်း ဂျရတ်သည် တစ်နေ့တွင် လီဗာပူးအသင်း၌ အောင်မြင်သောနည်းပြတစ်ယောက် ဖြစ်လာမည့်သူဖြစ်ကြောင်း ကြိုတင်ဟောကိန်းထုတ်ခဲ့သည်။*

## မန်စီးတီး၏ဘောလုံးပြန်လည်ထူထောင်ရေး ကာကာပါဝင်မည်မဟုတ်ဟုဆို

*လန်ဒန် နိုဝင်ဘာ ၂၄*

*မန်စီးတီးအသင်း၏ ဘောလုံးပြန်လည် ထူထောင်ရေးတွင် ပါဝင်မည်မဟုတ်ကြောင်း ဘရာဇီးနှင့်အေစီမီလန်ဘောလုံးကြယ်ပွင့် ကာကာက ထုတ်ဖော်ပြောကြားခဲ့သည်။ တစ်နိုင်ငံတည်းသား ရော်ဘင်ဟိုရှိုရာ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရေးအတွက် မန်စီးတီးနှင့်ဆက်သွယ်နေပြီး အေစီမီလန်အသင်းမှ ထွက်ခွာဖွယ်ရှိသည်ဟူသောသတင်းကို ကာကာက အခိုင်အမာ ငြင်းဆိုခဲ့သည်။*

*အဆိုပါသတင်းသည် အင်္ဂလန်၏ ဖြစ်နေကျပုံစံပင်ဖြစ်ကြောင်း၊ ကစားသမားဈေးကွက်သည် ယခုကဲ့သို့ပင်ဖြစ်ကြောင်း ၊ သို့သော်လည်း အေစီမီလန်မှ ထွက်ခွာမည်ဟု မည်သည့်အခါကမှ ပြောကြားခဲ့ဖူးခြင်းမရှိကြောင်း၊ အေစီမီလန်အသင်းက မိမိအားရောင်းရန်ဆုံးဖြတ်မှသာ အသင်းမှထွက်ခွာဖွယ်ရှိကြောင်းနှင့် ၂၀၁၃ခုနှစ်အထိ အေစီမီလန်အသင်းနှင့် စာချုပ် ချုပ်ဆိုထားခဲ့သူ အသက် ၂၆နှစ်ရှိ ကာကာက ဖွင့်ဟပြောကြားသည်။*

**ချစ်စိုးနိုင် စုစည်းသည်**

# မော်ရင်ဟို၊ အင်တာမီလန်နှင့် မန်စီးတီးတို့သည်. . . .

**မောင်မောင်မြင့်ဆွေရေးသား၍ ဇင်မင်းသန့်(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်**

**ရောမ နိုဝင်ဘာ ၂၄**

အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းနည်းပြအဖြစ် တာဝန်ယူနေတဲ့ မော်ရင်ဟိုဟာ နိုဝင်ဘာ၂၃ရက် စီးရီးအေပွဲစဉ်(၁၃)အဖြစ် ဂျူဗင်းတပ်စ်နဲ့ကစားတဲ့ပွဲမှာ တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ခဲ့ပြီးနောက် ဒီနှစ် စီးရီးအေဖလားဟာ အင်တာမီလန်အတွက်ဖြစ်တယ်လို့ ပြောကြားလိုက်ပါတယ်။

မီလန်အသင်း၌ အဆင်မပြေသည့် မော်ရင်ဟို။

### ဦးဆောင်နေ

မော်ရင်ဟိုဟာ ဒီနှစ်မှ စီးရီးအေကိုရောက်ရှိပြီး အင်တာမီလန်အသင်းနည်းပြအဖြစ် တာဝန်ယူပြီးတဲ့အချိန်အထိ ၁၃ပွဲကစားပြီးချိန်မှာ အဝေးကွင်းတစ်ပွဲပဲ ရှုံးထားပါသေးတယ်၊ တန်းစီဇယား ဒုတိယနေရာက အေစီမီလန်ထက် တစ်ပွဲလျှော့ လေးမှတ်အသာနဲ့ ထိပ်ဆုံးက ဦးဆောင်နေတဲ့အသင်းလည်း ဖြစ်ပါတယ်။

### အမှတ်တရဖြစ်

အင်တာမီလန်နည်းပြ မော်ရင်ဟိုနဲ့ ဂျူဗင်းတပ်စ်နည်းပြ ရာနီရေးနီတို့နှစ်ဦးစလုံးဟာ ချယ်လ်ဆီးနည်းပြဟောင်းတွေချည်းပဲဖြစ်လို့ ဒီပွဲကိုအနိုင်ယူနိုင်ခဲ့တဲ့ မော်ရင်ဟိုအတွက်ကတော့ အသင်းဟောင်းချယ်လ်ဆီးအတွက် အမှတ်တရဖြစ်စေတဲ့ပွဲ ဖြစ်နေခဲ့ပါတယ်။

### အဆင်မပြေ

မော်ရင်ဟိုဟာ အီတလီစီးရီးအေမှာ နည်းပြအဖြစ် တာဝန်ယူရတဲ့အနေအထားကို စိတ်တိုင်းမကျဘူး ပြောကြားနေပြီး အင်တာမီလန်အသင်းကို ရေရှည်တာဝန်ယူမှာ မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ အင်တာမီလန်အသင်းရဲ့ အုပ်ချုပ်သူတွေထဲမှာ နည်းစနစ်ပိုင်းဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ဆက်ဆံရေးအဆင်မပြေဘူးလို့ အသံတွေထွက်ပေါ် လာပါတယ်။

### အသုံးမပြု

နည်းပြတစ်ဦးအနေနဲ့ အသင်းကို စိတ်တိုင်းကျ ပုံဖော်ခွင့်ရှိတယ်လို့ စွဲစွဲမြဲမြဲယုံကြည်ထားတဲ့ မော်ရင်ဟိုဟာ အင်တာမီလန်ရဲ့နည်းစနစ်ပိုင်းဆိုင်ရာ အကြံပြုချက်တွေကို လက်ခံမှုမရှိဘူးလို့ ဆိုပါတယ်။ ကာလတိုတစ်ခုအတွင်းမှာပဲ ဆက်ဆံရေးအဖုအထစ်တွေရှိလာတဲ့အပြင် အင်တာမီလန်ရဲ့ အဓိကတိုက်စစ်မှူး အက်ဒရီယာနိုကိုလည်း ပွဲအတော်များများ ထည့်သွင်းအသုံးပြုမှုမရှိခဲ့ပါဘူး။

### သုံးသပ်နေ

အင်တာမီလန် ကစားသမားတွေဟာ ဘောလုံးပွဲတစ်ပွဲကစားမယ်ဆိုရင် ဘယ်ကစားသမားတွေကို ထုတ်သုံးမယ်ဆိုတာ ကြိုတင်မသိရဘူးလို့ဆိုပါတယ်။ ဒ့ါအပြင် ကစားသမားတွေနဲ့ မော်ရင်ဟိုဆက်ဆံရေးဟာ နွေးထွေးမှုမရှိဘူးလို့ သတင်းတွေထွက်ပေါ်လာတာမို့ မော်ရင်ဟိုဟာ စီးရီးအေမှာ ကာလတိုတစ်ခုပဲ နည်းပြတာဝန်ယူမယ့် သဘောတွေရှိနေတယ်လို့ သုံးသပ်နေကြပါတယ်။

### မဖြေကြား

ဒီလိုအခြေအနေမျိုးမှာ မော်ရင်ဟိုက ပရီမီယာလိဂ်လို အီတလီ စီးရီးအေက ဆွဲဆောင်မှုအားမကောင်းဘူးလို့ ဆိုနေပြန်တာကြောင့် မော်ရင်ဟို ပရီမီယာလိဂ်ကို ပြန်သွားဖို့ အစီအစဉ်ရှိလားဆိုတဲ့ သတင်းထောက်တွေရဲ့မေးခွန်းကိုတော့ မဖြေကြားခဲ့ဘူးလို့ ဆိုပါတယ်။

ဒီလိုအချိန်မှာ စီးပွားရေးအင်အားတောင့်တင်းတဲ့ မန်စီးတီးကလပ်ပိုင် အာဘူဒါဘီ စီးပွားရေးအုပ်စု ပိုင်ရှင်တွေက မန်စီးတီးကို ကမ္ဘာ့ကျော်ထိပ်တန်းအသင်းဖြစ်အောင် ပုံဖော်နေချိန်မှာ နည်းပြအဖြစ် မော်ရင်ဟိုကို ပစ်မှတ်ထားနေတယ်ဆိုတဲ့သတင်းတွေ ဖြစ်ပေါ်လာပါတယ်။

မော်ရင်ဟိုက ပထမဆုံး ငြင်းဆိုခဲ့ပေမယ့် အခုနောက်ပိုင်းမှာ တုံ့ပြန်မှုမထွက်လာတာမို့ မော်ရင်ဟိုကို ငွေထုပ်ပြပြီး မန်စီးတီးအရောက် ခေါ်ဆောင်တော့မှာလားဆိုတဲ့ ခန့်မှန်းမှုတွေ ထွက်ပေါ်လာပြန်ပါတယ်။

### ဝေဖန်သံ

မန်စီးတီးက မော်ရင်ဟိုအနေနဲ့ နည်းပြအဖြစ် လာရောက်တာဝန်ထမ်းဆောင်ရင် တစ်ပတ်လုပ်ခလစာ ပေါင်တစ်သိန်းကျော်ပေးမယ်လို့ ကမ်းလှမ်းထားပါတယ်။ မော်ရင်ဟိုကတော့ ဘာမျှတုံ့ပြန်မှု မရှိပေမယ့် မန်စီးတီးလက်ရှိ နည်းပြမာ့ခ်ဟုချ်ကို အားရမှုမရှိဘူးလို့ ပိုင်ရှင်တွေရဲ့ ဝေဖန်သံတွေ ထွက်ပေါ်လာပါတယ်။

### ပြောင်းလဲနိုင်

မန်စီးတီးကလည်း လာမယ့်ဇန်နဝါရီလဈေးကွက်မှာ ဂျူဗင်းတပ်စ်ဂိုးသမား ဘတ်ဖွန်းကို စံချိန်တင် ပြောင်းရွှေ့ကြေးပေါင်သန်း ၅၀သုံးပြီး ခေါ်ယူဖို့ စီစဉ်နေတာကြောင့် အရာရာဟာ ပြောင်းလဲသွားနိုင်တဲ့ အခြေအနေရှိနေပါတယ်။

မော်ရင်ဟိုကတော့ လက်ရှိအချိန်မှာ အသင်းပြောင်းရွှေ့ဖို့ စကားမဟသေးပေမယ့် မန်စီးတီးတို့က လက်မလျှော့ဘဲ ကြိုးစားနေတယ်လို့ဆိုပါတယ်။ ဒါကြောင့် ပွဲဆူအောင်လုပ်တတ်တဲ့ မော်ရင်ဟိုရဲ့ အနာဂတ်ဟာ ဘယ်လိုတွေဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါကြောင်း။ ။

**ကိုးကား-အင်တာနက်**

## ဝီလျံဂါးလက်စ်၏အနာဂတ် အာဆင်နယ်၌ရှိနေဆဲဟု ဝင်းဂါးပြောကြား

**လန်ဒန် နိုဝင်ဘာ ၂၄**

အာဆင်နယ်အသင်းသည် မန်စီးတီးအသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် မရှုံးနိမ့်မီ ခံစစ်မှူး ဂါးလက်စ်အား ခေါင်းဆောင်အဖြစ်မှ ချန်လှပ်ထားခဲ့ပြီးနောက် ဂါးလက်စ်၏ အနာဂတ်မှာ အာဆင်နယ်တွင် ရှိနေဆဲဖြစ်ကြောင်း အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း စွမ်းဆောင်နိုင်မှု ကျဆင်းသည်ဟု ကစားဖော်များစွပ်စွဲမှုကို ခံရပြီးနောက် အသင်းမှ ချန်လှပ်ထားခြင်းခံရပြီး အာဆင်နယ်အသင်းသည် ဒုတိယအကြိမ် ရှုံးနိမ့်မှုကြုံခဲ့ရသည်။

ဂါးလက်စ်နှင့်ပတ်သက်ပြီး ယုံကြည်နေတဲ့ နည်းပြဝင်းဂါး။

### အကောင်းဆုံး

ဂါးလက်စ်သည် အာဆင်နယ်အသင်းတွင် အနာဂတ်ရှိကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် စကားနည်းနည်းပြောခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာသို့ လူသိရှင်ကြားမထုတ်ပြန်ဘဲ အသင်းခေါင်းဆောင်အား အပြောင်းအလဲလုပ်ပိုင်ခွင့်ရှိပြီး လုပ်နိုင်ကြောင်း အာစင်ဝင်းဂါးက ဘီဘီစီသို့ ပြောကြားသည်။

အသက် ၃၁နှစ်ရှိ ဂါးလက်စ်သည် နည်းပြမာ့ခ်ဟုချ်၏ မန်စီးတီးအိမ်ကွင်းတွင် သွားရောက်ယှဉ်ပြိုင်သောပွဲစဉ်၌ ပါဝင်ခဲ့ခြင်းမရှိဘဲ ၎င်း၏နေရာတွင် အယ်လ်မူနီယာအား အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးခဲ့သည်။ **(အင်တာနက်)**

## ဆွီဒင်ဂေါက်သီးမယ် ဆိုရင်စတမ် ၂၀၀၈ အကုန်၌ အနားယူမည်

**လန်ဒန် နိုဝင်ဘာ ၂၄**

ဆွီဒင်ဂေါက်သီးမယ် အန်နီကာဆိုရင်စတမ်သည် အေဒီတီ ချန်ပီယံဖလား ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် လွဲချော်ခဲ့ရပြီးနောက် အယ်လ်ပီဂျီအေတို့ ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နောက်ဆုံးပါဝင်ယှဉ်ပြိုင်ကစားခဲ့သည်။ အသက် ၃၈နှစ်ရှိ ဆိုရင်စတမ်သည် ဂေါက်သီးရာသီအကုန်ပြိုင်ပွဲဖြစ်သည့် လက်ရှိပွဲတွင် အဆင့်၁၈နေရာ၌ ရပ်တည်နေသည်။



အန်နီကာဆိုရင်စတမ်

၁၉၉၃ခုနှစ်က သူမ၏ ပထမဦးဆုံးတိုးဖလားပြိုင်ပွဲတွင် ပထမဦးဆုံး ပါဝင်ယှဉ်ပြိုင်ကစားခဲ့သူ ဆိုရင်စတမ်သည် ၂၀၀၈ခုနှစ်အကုန်တွင် ဂေါက်သီးကစားခြင်းမှအနားယူမည်ဖြစ်သည်။

**(အင်တာနက်)**

## နယူးကာဆယ်ယာယီနည်းပြ ဂျိုးကင်နီယာ အသင်းတွင် တစ်လထပ်မံနည်းပြမည်ဟုဆို

ဂျိုးကင်နီယာ

**လန်ဒန် နိုဝင်ဘာ ၂၄**

နယူးကာဆယ်အသင်း ယာယီနည်းပြ ဂျိုးကင်နီယာအား အသင်းတွင် ဆက်လက်နည်းပြရန် နယူးကာဆယ်အသင်းပိုင်ရှင် မိုက်အက်ရှ်လေက တောင်းဆိုခဲ့သည်ဟု ဆိုသည်။

### ထုတ်ဖော်ပြောကြား

ယခင်သဘောတူညီချက်အရ နယူးကာဆယ်အသင်း ရောင်းချပြီးသည့်တိုင်အောင် တာဝန်ယူရန်ဖြစ်ကြောင်း၊ ထိုအချိန်ကတည်းက မည်သည့်ပြောင်းလဲမှုမျှ မရှိခဲ့သေးကြောင်း၊ သို့သော်လည်း မိမိအား ကစားသမား အပြောင်းအရွှေ့ရာသီရောက်သည့်အထိ အသင်းတွင် ဆက်နေရန် တောင်းဆိုထားကြောင်း၊ အကယ်၍ မိုက်အက်ရှ်လေနှင့် အပေးအယူလုပ်နိုင်ပါက မိမိအနေဖြင့် ကစားသမားနှစ်ဦးခန့် ဝယ်ယူနိုင်ကြောင်း အသက်၆၁နှစ်ရှိ နယူးကာဆယ် ယာယီနည်းပြ ဂျိုးကင်နီယာက ထုတ်ဖော်ပြောကြားခဲ့သည်။

ပရီမီယာလိဂ်တွင် ရုန်းကန်နေရသော နယူးကာဆယ်အသင်းသည် ကင်နီယာ လွှဲပြောင်း တာဝန်ယူသည့် စက်တင်ဘာလကုန်ကတည်းက နှစ်ပွဲနိုင်၊ လေးပွဲသရေနှင့် သုံးပွဲရှုံးရလဒ်သာ ရှိခဲ့သည်။ **(အင်တာနက်)**

## လင်းနော့လူးဝစ် လက်ဝှေ့လောကသို့ ပြန်ဝင်ရေး အမွေအနှစ်ကတောင်းဆို

လန်ဒန် နိုဝင်ဘာ ၂၄

**လက်ဝှေ့အကျော်အမော် လင်းနော့လူးဝစ်က ၎င်းအားပေါင်သန်း၇၀ဖြင့် လက်ဝှေ့ထိုးရန် ကမ်းလှမ်းသူရှိလာပါက ၎င်းအနေဖြင့် လက်ဝှေ့လောကမှ အနားယူနေရာမှ ပြန်လည်ထိုးသတ်မည်ဟု ထုတ်ဖော်ပြောကြားလိုက်ကြောင်း၊ လက်ဝှေ့ပြန်လည်ထိုးသတ်ရန် နီးစပ်လာပြီဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ အကယ်၍ တစ်စုံတစ်ဦးက မိမိအား အမေရိကန်ဒေါ်လာသန်း၁၀၀ပေးကာ အပူတပြင်းတောင်းဆိုလာပါက မိမိအနေဖြင့် လက်ဝှေ့လောကထဲသို့ ပြန်ဝင်ကာ လက်ဝှေ့ပြန်လည်ထိုးသတ်မည်ဖြစ်ကြောင်း နိုဝင်ဘာ၂၃ရက်တွင် လင်းနော့လူးဝစ်က မေးလ်သတင်းစာသို့ ပြောကြားခဲ့သည်။**

### ပြောကြား

အသက်၄၃နှစ်ရှိ ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဟောင်း လင်းနော့လူးဝစ်သည် ၂၀၀၃ခုနှစ်တွင် ဗစ်တာလီကလစ်ချ်ကိုနှင့် ယှဉ်ပြိုင်ထိုးသတ်ပြီး ၎င်း၏ ဒဗလျူဘီစီသရဖူကို ပြန်လည်ရယူပြီးကတည်းက လက်ဝှေ့ထိုးသတ်ခြင်း မရှိခဲ့ချေ။ မိမိအနေဖြင့် ငွေကြေးပြည့်စုံ၍ လက်ဝှေ့ထိုးစရာမလိုကြောင်း၊ သို့သော်လည်း အမွေအနှစ်ဆိုသည်က လက်ဝှေ့ထိုးရန်တောင်းဆိုနေ၍ ထိုးရခြင်းဖြစ်ကြောင်း လင်းနော့လူးဝစ်က ပြောကြားသည်။ (အင်တာနက်)

# သဲရေစစ်ကန်၊ ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံများ တည်ဆောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၂၄

**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် ကော်မတီဝင်နှင့်ဌာနမှူးများ လိုက်ပါလျက် နိုဝင်ဘာ ၁၀ရက် နံနက် ၉နာရီခွဲက ပြင်ဦးလွင်မြို့နယ် မန္တလေး-ပြင်ဦးလွင်သွားကားလမ်း အနောက်ဘက်ခြမ်း မိုင်တိုင်အမှတ် ၂၄မိုင်နှင့် ၂၉မိုင်ကြားရှိ ရတနာပုံမြို့သစ် (မြောက်ပိုင်း)တွင် အကျယ် ပေ ၁၅၀၊ ပေ ၁၀၀၊ ပေ ၈၀နှင့် ပေ၆၀လမ်းများ ဖောက်လုပ်နေမှုနှင့် ရေရရှိရေးအတွက် ရေပေးရေးပိုက်လိုင်းများ ချထားမည့်အစီအစဉ်များ၊ သဲရေစစ်ကန်၊ ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံများ တည်ဆောက်မည့်နေရာများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။** (ဝဲပုံ)

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့အား ရတနာပုံမြို့သစ် လုံးချင်းအိမ်ရာစီမံကိန်း (မြောက်ပိုင်း) သုံးတောင်ကျေးရွာ အနောက်ဘက် ပေ ၁၅၀လမ်းမကြီး အရှည်ပေ ၃၆၀၀အား စက်ယန္တရားများဖြင့် ဖောက်လုပ်နေမှု အခြေအနေကို သော်တာဝင်းကုမ္ပဏီလီမိတက်မှ တာဝန်ခံအင်ဂျင်နီယာနှင့် လမ်းတံတားဌာန ဌာနခွဲမှူးတို့က ရှင်းလင်းတင်ပြကြသည်။

## မှာကြား

ထို့နောက် မြို့တော်ဝန်က ရတနာပုံမြို့သစ်လုံးချင်းအိမ်ရာစီမံကိန်း(မြောက်ပိုင်း)တွင် မြေကွက်များ ဖော်ထုတ်ပြီး အိမ်ရာများ ဆောက်လုပ်နိုင်ရန် မှာကြားသည်။

## ဆောင်ရွက်

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ရတနာပုံမြို့သစ် လုံးချင်းအိမ်ရာစီမံကိန်း(မြောက်ပိုင်း)တွင် မြို့သစ်နေလူထုအတွက် သဲရေစစ်ကန်၊ ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံများ တည်ဆောက်ရေး၊ မြေနေရာ သတ်မှတ်ရွေးချယ်ရေးတို့နှင့်ပတ်သက်၍ ရေနှင့် သန့်ရှင်းမှုဌာန ဌာနမှူးက မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က ရေတွန်းစက်ရုံနေရာ သတ်မှတ်ပေးပြီး အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်းသိရသည်။ (၃၁၃)

**မြဝတီမြို့ အမှတ် (၄)ရပ်ကွက် ဆေးရုံလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းတွင် ကတ္တရာခင်းခြင်းကို အောက်တိုဘာ ၂၂ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်း၊ ဦးစီးအရာရှိ ဦးကျော်သူလတ်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးငွေစိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## ကျောက်များစုဆောင်း

**ကော့မှူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ကင်းဝန်မင်းကြီးလမ်း ကျောက်များစုဆောင်းထားရှိမှုကို ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် အောက်တိုဘာ ၁၂ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတိုးအောင်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ဦးတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# ရွှေကူတွင် ကျန်းမာရေးဌာနခွဲ အဆောက်အအုံဖွင့်

ရွှေကူ နိုဝင်ဘာ ၂၀

**ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။**

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးသန်းစိုးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုမောင်တို့က ကျန်းမာရေးဌာနခွဲ အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိုးကမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုမောင်ထံ လွှဲပြောင်းပေးအပ်သည်။

## ကုန်ကျငွေ

အဆိုပါအဆောက်အအုံမှာကျေးရွာရှိ ပြည်သူများက ငွေအား၊ လူအားနှင့် ပါဝင်ကုန်ကျငွေ စုစုပေါင်းငွေကျပ် ၅၄၅၀၀၀၀ ခန့်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# တောင်ငူ ဂျီတီအိုင် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၄

တောင်ငူဂျီတီအိုင် ကျောင်းသားကျောင်းသူဟောင်းများ(အားလုံး)၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီမှ ၁၂နာရီအထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၈)မိုင်လမ်းဆုံ ရွှေဘဲစားတော်ဆက်တွင် ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ကိုနိုင်မင်းသူ ဖုန်း-၀၉-၅၀-၅၉၉၈၉၊ ကိုကျော်လင်းသန့် ဖုန်း-၀၉-၅၁-၆၅၄၉၀၊ ကိုအေးကို ဖုန်း-၀၉-၅၁-၃၀၆၁၅၊ ကိုမြင့်နိုင် ဖုန်း-၀၉-၅၁-၁၄၂၆၂၊ ကိုနေမျိုး ဖုန်း-၀၉-၅၀-၀၆၃၁၄၊ ကိုအောင်ကျော်နိုင် ဖုန်း-၀၉-၅၁-၉၅၁၉၄၊ ကိုတင်အောင်သန်း ဖုန်း-၀၉-၅၁-၂၂၀၁၆၊ မခင်မာလာထွန်း ဖုန်း-၀၁-၂၄၈၁၁၂ လိုင်းခွဲ ၂၇၄၊ မအေးအေးသိန်း ဖုန်း-၀၉-၅၁-၃၈၁၈၇၊ မတင်တင်မိုး ဖုန်း-၀၉-၅၀-၇၂၆၃၃နှင့် ကိုထွန်းမြင့် ဖုန်း-၀၆၇-၄၁၄၃၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

**မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်လျက်ရှိသည့် အမှတ်(၁) ရပ်ကွက် လမ်းမတော်လမ်းပေါ်ရှိ ပေါင်းကူး သစ်သားတံတား ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးတိုးကြည် ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွန်း ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# ထန်းတပင်မြို့တွင် စာပေဟောပြော

**ထန်းတပင် နိုဝင်ဘာ ၁၆**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ အထက ထန်းတပင်မြို့ လှိုင်ရတနာခန်းမ၌ စာပေဟောပြောပွဲကို နိုဝင်ဘာ ၄ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်အေးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်မြောက်ပိုင်းခရိုင် ဦးစီးအရာရှိ ဒေါ်ဖြူဖြူက ရည်မှန်းချက်ရှိရမည်အကြောင်း ဟောပြောခြင်းနှင့် အထကကျောင်းအုပ်ဆရာကြီးဦးကျင်လှိုင်က စာဖတ်ရှိန်မြင့်မားရေးနှင့် အောင်ချက်မြင့်မားရေးအကြောင်း ဟောပြောပြီး မြို့နယ်ဦးစီးမှူးဒေါ်ခင်ငြိမ်းငြိမ်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းကို ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# တောင်တွင်းကြီးမြို့နယ် စာကြည့်တိုက်များအတွက် စာအုပ်စာစောင်နှင့် အလှူငွေများပေးအပ်

**တောင်တွင်းကြီး နိုဝင်ဘာ ၂၀**

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ရန်ကုန်တိုင်း ဒုတိယရဲမှူးကြီး(ငြိမ်း) ဦးတင်အေး ဇနီးဒေါ်ခင်ခင်ဝင်း၊ သားသမီးမြေးတစ်စုက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ အလှူငွေများ ပေးအပ်ပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးမြတ်ကျော်က အဖွင့်အမှာစကားကိုလည်းကောင်း၊ အလှူရှင်ကိုယ်စား ဦးစိုးတင့်(ဆမ-ငြိမ်း)က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်က ဌာနဆိုင်ရာများ၊ စေတနာရှင်အလှူရှင် ၃၀ တို့ကလှူဒါန်းသည့် မြို့နယ်ရုံး စာကြည့်တိုက်ငွေပဒေသာပင်အဖြစ် ငွေကျပ် ၁၇၂၇၀၀ကို မြို့နယ်ဦးစီးမှူး ဦးဇော်ဋ္ဌေးအောင်သို့လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် တန်ဖိုးငွေကျပ်တစ်သိန်းရှိ စာအုပ်စာစောင် ၂၉၉ အုပ်ကို အလှူရှင်ကိုယ်စား ဦးစိုးတင့်က မြို့နယ်ဦးစီးမှူးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ၂၀၀၈ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၌ မြန်မာတစ်နိုင်ငံလုံးတွင် ပထမဆုရရှိသည့် အထက(၁)တောင်တွင်းကြီး နဝမတန်း(က)မှ မနှင်းနှင်းအောင်အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို လည်းကောင်း၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအား အလှူရှင်ကိုယ်စား ဦးအောင်ကျော်ငြိမ်းက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# အုတ်တွင်းမြို့ ဦးဝင်းဖေလမ်း ကတ္တရာခင်း

**အုတ်တွင်း နိုဝင်ဘာ ၁၈**

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် မြို့တွင်းလမ်းများ ကောင်းမွန်စေရန်အတွက် ဦးဝင်းဖေလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို နိုဝင်ဘာ ၈ရက် က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းသန့်တို့က ရှင်းလင်းတင်ပြသည်။**(အပေါ်ပုံ)**

အဆိုပါ အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် မြို့ပြလမ်းလေးလမ်း ဆောင်ရွက်ရန်လျာထားပြီး ဦးဝင်းဖေလမ်း ကတ္တရာခင်းခြင်းမှာ အရှည်ပေ ၁၀၅၀ ရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၇၆၇၀၀၀၀ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(၃၁၆)**

# ပဲခူးမြို့ အထက(၁)တွင် အာစရိယပူဇော်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ပဲခူးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း (ယခင် ဟိုက်စကူးကျောင်း) အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၂ရက်က အထက (၁) သီရိပညာခန်းမ၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ၊ အနယ်နယ်အရပ်ရပ်မှ ကျောင်းသူကျောင်းသားဟောင်းကြီးများ တက်ရောက်ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မင်းက အမှာစကားပြောကြားသည်။ **(အောက်ဝဲပုံ)**

ပဲခူးမြို့ အထက(၁) အာစရိယပူဇော်ပွဲကို နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလပြည့်နေ့တွင် အဆက်မပြတ် ကျင်းပရာ ယခုနှစ်တွင် အကြိမ် (၃၀)ပြည့်မြောက်ခဲ့သည့်အတွက် ပုလဲရတုအာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းကြီးများ တွေ့ဆုံပွဲကိုပါ ကျင်းပခဲ့သည်။ ယခုနှစ်တွင်ဆရာကြီး၊ ဆရာမကြီး ၉၄ဦးအား အသက်အပိုင်းအခြားအလိုက် ငွေကျပ်ငါးသောင်းမှ နှစ်သိန်းငါးသောင်းစီ လှူဒါန်းကြသည်။ ဆက်လက်ပြီး တက်ရောက်လာကြသော ကျောင်းသူ ကျောင်းသားများက မိမိတို့ကိုယ်တိုင်သင်ကြားခဲ့ရသော ဆရာကြီး ဆရာမကြီးများကိုလည်း သီးခြားစီ ငွေနှင့် ပစ္စည်းများလှူဒါန်းကြသဖြင့် စုစုပေါင်း ငွေကျပ်သိန်း၁၀၀ကျော် လှူဒါန်းကန်တော့ကြသည်။ **(၀၆၆)**

# တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုနှင့် အသက်သွေးချွေးပေါင်းများစွာ ရင်းနှီးခဲ့ရသည့် လွတ်လပ်ရေးတန်ဖိုးကို မမေ့မလျော့ဘဲ မျိုးဆက်သစ်လူငယ်များ သိရှိနားလည်စေရန်နှင့် ကာကွယ်စောင့်ရှောက်လိုသည့်စိတ်ဓာတ်များ ဖြစ်ထွန်းစေရန်

## လွတ်လပ်ရေးနေ့အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိရှိ နှစ်စဉ်ကျင်းပပေးနေ

နေပြည်တော် နိုဝင်ဘာ ၂၄

၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**(အပေါ်ပုံ)**

*စာမျက်နှာ ၃ ကော်လံ ၁* ●

## တနင်္သာရီတိုင်း၏ ဆက်သွယ်ရေးကဏ္ဍ တိုးတက်လာ မြိတ်မြို့နှင့် ထားဝယ်မြို့များတွင် အင်တာနက် ချိတ်ဆက်သုံးစွဲနိုင်ပြီ

➢ သတင်းခရီးသည် - မြင့်မောင်စိုး
➢ ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)
➢ စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်(မြန်မာ့အလင်း)

မြိတ် နိုဝင်ဘာ ၂၄ (ဖက်စ်)

မျက်မှောက်ခေတ်တွင် အိုင်တီနည်းပညာများ အံ့မခန်းတိုးတက်လျက်ရှိသည်။ ယင်းဆက်သွယ်ရေး နည်းပညာကြောင့် ကမ္ဘာ့တောင်ခြမ်းမှ အဖြစ်အပျက်များကို ကမ္ဘာ့မြောက်ခြမ်းမှ လူသားများက လျင်မြန်စွာ သိရှိနိုင်သည်။ လူသားကောင်းကျိုးအတွက် ဆက်သွယ်ရေးနည်းပညာသည် များစွာအထောက်အကူပြုလျက်ရှိပေသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

မြိတ်မြို့ ပေ ၉၀၀ ကျော်အမြင့်ရှိ ဘိုတောင်တောင်ပေါ်မှ (CDMA) နှင့် မိုက္ကရိုဝေ့ဗ် တာဝါတိုင်ကြီးကို ဤသို့တွေ့ရသည်။(မြန်မာ့အလင်း)

ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(တောင်ပိုင်း)မှ တည်ဆောက်ထားသော ပဲခူး ကမာနတ် ပင်မဓာတ်အားခွဲရုံတွင် လုပ်သားကြီးများက ဓာတ်အားထပ်ဖြည့်လိုင်းများ တပ်ဆင်နေကြသည်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

## ရေအားလျှပ်စစ်စက်ရုံကြီးများမှ ထွက်ရှိလာမည့် ဓာတ်အားများကို မြို့ရွာများအရောက်ပို့ဆောင်ပေးမည့် ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)

➢ သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း - ခရမ်းစိုးမြင့်
➢ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်ရာ၌ စီးပွားရေးနှင့် လူမှုရေးအပါအဝင် ဘက်စုံကဏ္ဍစုံတို့မှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလျက်ရှိသကဲ့သို့ လျှပ်စစ်ဓာတ်အားများကိုလည်း ပိုမိုထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရေးအတွက် အားသွန်ခွန်စိုက်ဖော်ဆောင်လျက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻